


# INCREMENTALISM

## ဖွဲ့စည်းပုံခြေခံဥပဒေရေးဆွဲရာတွင် စဉ်းစားနိုင်သောချဉ်းကပ်မှုတစ်ခု/ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒ

# ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် စဉ်းစားနိုင်သော ချဉ်းကပ်မှုတစ်ခု: တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒ (Incrementalism)

November 2023

Copyrights
The authors, along with the organization and donor that enabled this research, reserve the right to associate their names with this document in the future. You are free to share and distribute as long as you give appropriate reference to the source (and potentially authors in the future), but you may not use it for commercial purposes or make any changes to the work.

## နိဒါန်း

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရယန္တရားနှင့် နိုင်ငံ၏စီမံခန့်ခွဲမှုဆိုင်ရာ အင်စတီကျူးရှင်းများကို ဖွဲ့စည်းသတ်မှတ်ခြင်းနှင့် နိုင်ငံတော်မဏ္ဍိုင်များအပေါ် အပ်နှင်းထားသော အခွင့်အာဏာများကို ထိန်းညှိပေးသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ ဘုံသဘောလက္ခဏာနှင့် အဆိုပါနိုင်ငံ၏စံနှုန်းများကိုပါ ထင်ဟပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်၏ ဥပဒေအရ ထုတ်ဖော်မှုတစ်ရပ်ဖြစ်သည် (Lerner, 2011)။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်း ရထိုက်ခံစားခွင့်ရှိသည့် အခြေခံအ ခွင့်အရေးများ ကို ထည့်သွင်းရေးဆွဲထားခြင်းဖြင့် နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးချိုးဖောက်ခံရမှုတို့မှ အကာအကွယ်ပေးထားသည်။ ခြုံငုံသုံးသပ်ကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် နိုင်ငံ၏အချုပ်အခြာအာဏာအား ခွဲဝေကျင့်သုံးမှုများ၊ အစိုးရအင်စတီကျူးရှင်းများ ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးများကိုအာမခံမှု၊ နိုင်ငံ၏အမှတ်လက္ခဏာများ၊ ဘာသာစကားဆိုင်ရာပြဋ္ဌာန်းချက်များနှင့် နိုင်ငံနှင့်ဘာသာရေးတို့၏ ပတ်သက်ဆက်နွယ်မှုတို့ကို ထည့်သွင်းရေးဆွဲ ဖော်ပြလေ့ရှိသည်။ (Lerner, 2011) ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ ၎င်းတာဝန် များတွင် နိုင်ငံတော်အဖွဲ့အစည်းများ (အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည်) ကိုမည်သို့မည်ပုံတည်ဆောက်ကြမည်၊ နိုင်ငံတော်အာဏာကို အထက်အောက်၊ ဘေးတိုက် မည်သို့ခွဲဝေကျင့်သုံးကြမည်တို့က အရေးကြီးသလို တစ်ဖက်တွင်လည်း စံနှုန်းများ၊ တန်ဖိုးများ၊ နိုင်ငံတော်မည်သို့ပေါ်ပေါက်လာသည်ကို သတ်မှတ်ပုံများစသော 'အခြေခံမှုများ' ဆိုင်ရာ အပိုင်းကလည်း လစ်လျူရှု၍ မရနိုင်ပေ။

စုံလင်ကွဲပြားမှုများစွာရှိနေသည့် လူအဖွဲ့အစည်းများတွင်နေထိုင်ကြပြီး နိုင်ငံရေးပဋိပက္ခများစွာကို တွေ့ကြုံခဲ့ရသည့်နိုင်ငံများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ပြည်တွင်းပဋိပက္ခများကိုလျော့ချနိုင်ရန်၊ ကွဲပြားစုံလင်လှသော လူမှုအဖွဲ့အစည်းတို့၏ အမြင်များကို သိရှိသဘောပေါက်ပါဝင်နိုင်ရန်နှင့် အဆိုပါ လူ့အဖွဲ့အစည်းတို့အကြား ဒီမိုကရေစီစနစ်ကို မြှင့်တင်နိုင်ရန် ရည်မှန်းကာ လုပ်ဆောင်ကြသည်။ (Lerner, 2011) သို့ရာတွင် အဆိုပါလူမှုအဖွဲ့အစည်းများ၏

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သင့်သည်ဟု ယူဆထားသော အခြေခံကျသည့် အချက်များသည်လည်း ကွဲပြားခြားနားသလို ၎င်းကွဲပြားမှုများအတွက် ဘုံသဘောတူညီမှုတစ်ရပ်ရယူနိုင်ရန်လည်း ခက်ခဲလှသည်။ ထို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများသည် အဆိုပါ အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရေးဆွဲမှုဆိုင်ရာ အခင်းအကျင်းတွင်း ဖြေရှင်းရန်မှာ အကန့်အသတ်များစွာရှိကြောင်း နားလည်လာကြသည် (Lerner, 2010)။ တစ်ဖက်တွင်လည်း အဆိုပါ သဘောထားမတိုင်ဆိုင်မှုများကို လျစ်လျူရှုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဌာန်းခြင်းသည် အလွန်အထိအခိုက်လွယ်သော နိုင်ငံရေးအခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေကာ တော်လှန်ပုန်ကန်မှုများ ပြန်လည်ပေါ်ပေါက်လာနိုင်သလို ခွဲထွက်ခြင်းကဲ့သို့သော အခြေအနေများလည်း ဖြစ်ပေါ်လာနိုင်သောကြောင့်ဖြစ်သည် (Landau and Lerner, 2019)။ ဤသို့လျှင် ပဋိပက္ခများဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံရေးဆွဲရခြင်းဖြစ်သော်လည်း ၎င်းရေးဆွဲရေးဖြစ်စဉ်ကပင် ရှိနှင့်ပြီးပဋိပက္ခများ ပိုမိုဆိုးရွားလာစေရန် အကြောင်းရင်းခံဖြစ်နေတတ်သည်။

ထိုကြောင့် စုံလင်ကွဲပြားမှုများစွာတည်ရှိနေသည့် လူမှုအဖွဲ့အစည်းများအဖြစ် နေထိုင်ကြပြီး နိုင်ငံရေးပဋိပက္ခများစွာကိုဖြတ်ကျော်ခဲ့ရသည့် နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲသူတို့သည် ရေးဆွဲရေးလုပ်ငန်းစဉ်တွင်ပေါ်ပေါက်လာသော သဘောထားကွဲလွဲမှုများကို လုပ်ငန်းစဉ်အတွင်း အပြီးသတ်ဆုံးဖြတ်ချက်ချရန်ကြိုးစားခြင်းသည် ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေများ ပေါ်ပေါက်စေနိုင်သလို အခြေခံဘုံသဘောတူညီမှုရရန်လည်း အချိန်များစွာ ကြာမြင့်နိုင်သောကြောင့် အဆိုပါသဘောထားကွဲလွဲမှုတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြေရှင်းတော့ဘဲ အနာဂတ် နိုင်ငံရေးအခင်းအကျင်းတွင် အဖြေရှာသည့်ချဉ်းကပ်မှုကို အသုံးပြုလာကြသည် (Lerner, 2011)။ ဤချဉ်းကပ်မှုကို အခြားနည်းဖြင့်ကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းအား ရှိနှင့်ပြီး ပြဿနာမျိုးစုံ မတူကွဲပြားမှုမျိုးစုံကို ဖြေရှင်းမည့် အားလုံးသဘောတူထားသည့် အဖြေဆိုသည်ထက် ၎င်းအဖြေကို ရှာဖွေရန် ဘုံသဘောတူညီမှုရှိသည့်လုပ်ငန်းစဉ်တစ်ခု ချမှတ်ခြင်းဟုရှုမြင်ခြင်းဖြစ်သည်။

ယခုစာတမ်းသည် စုံလင်ကွဲပြားမှုများသော နိုင်ငံများတွင်ကြုံတွေ့ရသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုတို့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ သဘောထားကွဲလွဲမှုများကို တော်လှန်ပုန်ကန်သည့်နည်းဖြင့် ချဉ်းကပ်ဖြေရှင်းခြင်းထက် နိုင်ငံရေး အခင်းအကျင်းသို့ယူဆောင်ကာ တဖြည်းဖြည့်ဆင့်ကဲပြောင်းလဲသည့်ချဉ်းကပ်မှုကို မိတ်ဆက်ဆွေးနွေးပြီး အဆိုပါချဉ်းကပ်သည့် နည်းလမ်းမှ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်တို့၏ အကြောင်းများကို အိန္ဒိယနှင့်အိုင်ယာလန်နိုင်ငံများရှိ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်များနှင့် ယှဉ်တွဲပြီး လေ့လာသုံးသပ်သွားမည် ဖြစ်ပါသည်။

**စိတ်ဝမ်းကွဲပြားမှုရှိနေသည့် လူမှုအဖွဲ့အစည်းများ (Divided Societies)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပဋိပက္ခနှင့် အငြင်းပွားမှုများ**

Lerner (2011) ၏အဆိုအရ သီးခြားကွဲထွက်နေသော လူမှုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ၎င်းတို့ထင်ဟပ်စေလိုသော နိုင်ငံရေး သို့မဟုတ် ဘာသာရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လူမှုရေး တန်ဖိုးစံနှုန်းများသည် အများစုနှင့်မတူပဲ ကွဲပြားနေတတ်ကြပြီး ထိုသို့ ကွဲပြားမှုသည် ပဋိပက္ခများဆီသို့ ဦးတည်စေတတ်ပါသည်။ အထူးသဖြင့် အဆိုပါလူအဖွဲ့အစည်းများကြားရှိ မတူညီသော သမိုင်းအတွေ့အကြုံနှင့် အကျိုးစီးပွားများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံရည်မှန်းချက်နှင့် စံနှုန်းများဆိုင်ရာ ဘုံသဘောတူညီမှုမရရှိနိုင်ခြင်းက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ထိုကဲ့သို့သော ပဋိပက္ခအလွန်နိုင်ငံများရှိ ကွဲပြားမှုများအကြား သဘောတူညီမှုမရရှိခြင်း၏ အကျိုးဆက်များကို အီရတ်နှင့် အာဖဂန်နစ်စတန်တို့ရှိ လက်နက်ကိုင်ပဋိပက္ခများတွင် တွေ့နိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းဆိုသည်မှာ စရိုက်လက္ခဏာ ကွဲပြားသော လူ့အဖွဲ့အစည်းများ၏ မတူညီသောစံနှုန်းများ အားပြိုင်နေသည့်ကြားမှ ရှင်းလင်းသော၊ ပြင်ရဖျက်ရခက်သော အချက်များ/သဘောတူညီချက်များကို ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ရှုမြင်နိုင်ပါသည်။ **ထို့ကြောင့်** ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတစ်ခု၏ ဘုံသွင်ပြင်လက္ခဏာများကိုသတ်မှတ်ခြင်း

ဖြစ်သကဲ့သို့ ထိုသို့သတ်မှတ်ရန် ကြိုးပမ်းရာမှ နိုင်ငံရေးပဋိပက္ခများ၊ ခွဲထွက်ရန်အားထုတ်မှုများကို ဖြစ်ပေါ်စေတတ်ပါသည်။ (Lerner, 2010)။ အိန္ဒိယနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ရေးဆွဲပြီး ၇လ အကြာ ၁၉၄၇ခုနှစ် ဇွန်လတွင် ပါကစ္စတန်နိုင်ငံက ခွဲထွက်သွားခြင်းကို ဥပမာအဖြစ် ပြနိုင်ပါသည်။ ၎င်း ခွဲထွက်မှုကို ညွှန်ပြနိုင်သည် (Lerner, 2010)။ ၎င်းခွဲထွက်မှုသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် မတူညီမှုများအကြား ဘုံသဘောတူညီချက်ရရှိအောင် ကြိုးပမ်းချက် မအောင်မြင်ခဲ့သောကြောင့်ဖြစ်သည်။ ထိုပဋိပက္ခများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပဏာမ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများဖြင့် ဖြေရှင်းရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထိုသို့ မအောင်မြင်ခဲ့ရခြင်းမှာ ကွဲပြားခြားနားသော လူ့အဖွဲ့အစည်းများအကြား ဖြစ်တည်နေသောနိုင်ငံရေးပဋိပက္ခများကို နားလည်သဘောပေါက်အောင် ကြိုးစားခြင်းမပြုဘဲ မတူညီသည့်အဖွဲ့အစည်းတို့သည် ဖွဲ့စည်းပုံရေးဆွဲရေးဖြစ်စဉ်အတွင်း၌သာ အပြီးသတ်ဖြေရှင်းရန် ကြိုးပမ်းခြင်းကြောင့် ဖြစ်သည်ဟု Lerner (2010) ကဆိုသည်။ သီးခြားကွဲထွက်နေသော လူအဖွဲ့အစည်းများ၏ နှုန်းစံများ၊ တန်ဖိုးများသည် ပြည်သူများ၏နေ့စဉ်ဘဝနှင့် ဝေးကွာလျှက်ရှိသည်ဟု လည်းကောင်း၊ အာဏာခွဲဝေကျင့်သုံးမှုဆိုင်ရာ မူသဘောတရားများ၊ အစိုးရအဖွဲ့အစည်း တည်ဆောက်ပုံဒီဇိုင်းများလောက် လက်တွေ့နှင့်မနီးစပ်ဟု လည်းကောင်း မှတ်ယူ၍ မရနိုင်ပေ။ အောက်တွင်ဖော်ပြထားသော ဥပမာဖြစ်စဉ်များတွင် သီးခြားကွဲထွက်နေသော အုပ်စုများ၏ စံနှုန်းများသည် ပြည်သူလူထု၏ဘဝ၊ နိုင်ငံ၏ ဝိသေသ စရိုက်လက္ခဏာများအပေါ် သက်ရောက်မှုများစွာရှိနိုင်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတွင်ပါဝင်သည့် အုပ်စုများအနေဖြင့် အတူတကွယှဉ်တွဲနေထိုင်ခြင်းက ၎င်းတို့အတွက် နိုင်ငံရေးအာမခံချက်များပေးစွမ်းနိုင်မည်ဟု မယုံကြည်တော့ပါက ရှိရင်းစွဲပဋိပက္ခများ ပိုမိုဆိုးရွားလာနိုင်သည်။

## တဖြည်းဖြည်းချင်းပြောင်းလဲမှု ဝါဒ (Incrementalism) အကြောင်း

တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အခြေခံပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံနှင့်ဘာသာရေးတို့၏ ပတ်သက်ဆက်နွယ်မှု၊

အမျိုးသားသွင်ပြင်လက္ခဏာ အစရှိသည်တို့အပေါ် သဘောထားကွဲလွဲမှုများမှ ဖြစ်ပေါ်လာသည့်ပဋိပက္ခများကို ရှောင်လွှဲနိုင်ရန်အတွက် အခြေခံဥပဒေရေးဆွဲသူတို့မှ အသုံးပြုသော ချဉ်းကပ်မှုတစ်မျိုးဖြစ်သည် (Lerner, 2010)။ ထို့အတွက် ယင်းချဉ်းကပ်မှုအသုံးပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှုဖြစ်စဉ်များတွင် လက်ရှိတွင်သဘောတူညီချက်ရရှိနိုင်ရန် ခက်ခဲသည့် နယ်ပယ်များအတွက် ရှင်းလင်းပြတ်သားပြီး အပြီးသတ်သဘောဆောင်သည့် ပြဌာန်းချက်များအသုံးပြုမှုကိုရှောင်ဖယ်၍ ပါဝင်ပါတ်သက်သူအားလုံး ယေဘုယျလက်ခံနိုင်မည့် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနိုင်သော ဥပဒေအသုံးအနှုန်းများဖြင့် ပြဌာန်းချက်များကို ရေးသာခြင်း၊ ၎င်းနယ်ပယ်များအတွက် နောင်အနာဂါတ်မှ တိတိပပဆုံးဖြတ်ချက်များချမှတ်ရန် နိုင်ငံရေးအစီအမံများချမှတ်ခဲ့ခြင်း စသည့် နည်းလမ်းများကို အသုံးပြုကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၎င်း၏သဘောသဘာဝအရပင် သာမာန်ဥပဒေများကဲ့သို့ ပြောင်းလွယ်ပြင်လွယ်မရှိသည့်အပြင် ဥပဒေတို့၏အရင်းအမြစ် ဥသျှောင်ပင် ဖြစ်ပါသည်။ မတူကွဲပြားသည့် အုပ်စုများက ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုပဒေတစ်ရပ်ကို နောင်လာမည့်မျိုးဆက်များစွာ အထိ အကျိုးသက်ရောက်မှုရှိအောင်၊ ၎င်းတို့အတွက် အကောင်းဆုံးပုံစံဖြစ်အောင် တတ်နိုင်သမျှ ကြိုးစားကြရင်း မတူညီသည့် နှုန်းစံများအကြား ပွတ်တိုက်မှုများဖြစ်ပေါ်စေစေ တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ဤရှုထောင့်မှဆိုလျှင် Incrementalist ချဉ်းကပ်မှုမှာ သမားရိုးကျမဟုတ်သော စဉ်းစားတွေးခေါ်မှု ပုံစံတစ်ခုဟု ဆိုနိုင်သည်။ အကြောင်းမှာ ၎င်းချဉ်းကပ်မှုက အထက်ပါပွတ်တိုက်မှုပြဿနာများကို ဖြေရှင်းရာတွင် အများဆန္ဒပါဝင်အောင် မည်သို့မည်ပုံ ပြုလုပ်မည်၊ လူထုသဘောထားထင်ဟပ်အောင် မည်သို့စီမံရမည် စသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ ‘လုပ်ငန်းစဉ် (Procedure)’များကို ကိုင်တွယ်ခြင်း မပြုပဲ လက်ရှိတွင်သဘောတူညီမှုရယူရန် ခက်ခဲသောကိစ္စများကို နောင်မှတဖြည်းဖြည်းချင်းဖြေရှင်းရန် အဆိုပြုခြင်း ဖြစ်သည်။ ထိုချဉ်းကပ်မှုအရ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းကို လူ့အဖွဲ့အစည်း၏ စံနှုန်းများ၊ လည်ပတ်အလုပ်လုပ်ပုံများ နေ့ချင်းညချင်းအလုံးစုံပြောင်းလဲသွားမည့် သမိုင်းဝင်ဝင် ဖြစ်ရပ်တစ်ခုအနေဖြင့် မရှုမြင်ပဲ နောင်အနာဂတ်တွင် ဆင့်ကဲပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် အဆင့်တစ်ဆင့် (သို့မဟုတ်)

မူဘောင် တစ်ခု အနေဖြင့် ရှုမြင်ခြင်း ဖြစ်သည်။ ထို့ကြောင့် Incrementalism ၏ အဓိကအကျဆုံးအမှတ်အသားမှာ ဖွဲ့စည်းပုံအတွင်းတွင် ထိလွယ်ရှလွယ်ကိစ္စရပ်များနှင့်ပတ်သတ်လျှင် အဓိပ္ပာယ်ကောက်စရာမလိုနေအောင် ရှင်းလင်းပြတ်သားစွာမရေးပဲ၊ ရည်ရွယ်ချက်ရှိရှိ ရှင်းလင်းပြတ်သားမှုမရှိသော၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့်ကို ကျယ်ပြန့်စွာပေးထားသော ပြဋ္ဌာန်းချက်များထည့်သွင်းပြီး အနာဂတ်တွင်အချိန်ယူ၍ ဆုံးဖြတ်ရန် စီမံထားခြင်းဖြစ်သည်။ ထို့အတူ တိကျသေချာသော ဆုံးဖြတ်ချက်မျိုး ချမှတ်ခြင်းမှ ရှောင်ရှားခြင်း၊ ဖွဲ့စည်းပုံအတွင်း ရှေ့နောက်အနက်အဓိပ္ပာယ်ဆန့်ကျင်သော ပြဋ္ဌာန်းချက်များကို ထည့်သွင်းခြင်းစသည့် နည်းလမ်းများကို အသုံးပြုခြင်းမျိုးလည်း ရှိပါသည်။

ဤနည်းလမ်း၏ ထင်ရှားသော ကန့်သတ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးအတွက် အသုံးမပြုနိုင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အစိုးရယန္တရား ဖွဲ့စည်းတည်ဆောက်ပုံ၊ လည်ပတ်ပုံ၊ အာဏာခွဲဝေကျင့်သုံးပုံ စသည့်တို့နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ အတည်ပြုပြီးမှဖြေရှင်းရန် (သို့မဟုတ်) ရှေ့နောက်လိုက်လျောညီထွေမဖြစ်သော၊ မရှင်းလင်းသော ပြဋ္ဌာန်းချက်များထားခဲ့ရန် မသင့်တော်သလို ဖြစ်လည်း မဖြစ်နိုင်ပေ။

Lerner (2010) ၏အဆိုအရ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်အသုံးပြုနိုင်သော Incrementalist ချဉ်းကပ်မှု ဆိုင်ရာ သဘောတရား (၄) ရပ်ကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

၁. လူအများစု၏ သဘောဆန္ဒသက်သက်ဖြင့် လွှမ်းမိုးဆုံးဖြတ်မှု မဟုတ်ခြင်း

၂. ဖွဲ့စည်းပုံရေးဆွဲမှုကို ချဉ်းကပ်ရာတွင် တော်လှန်ရေးမဆန်ခြင်း

၃. ကွဲပြားခြားနားမှုကို အသိအမှတ်ပြုခြင်း

၄. ပြဿနာများကို ဖွဲ့စည်းပုံအခင်းအကျင်းမှ အနာဂါတ်နိုင်ငံရေး အခင်းအကျင်းသို့ ပြောင်းရွှေ့ခြင်း

**လူအများစု၏ သဘောဆန္ဒသက်သက်ဖြင့် လွှမ်းမိုးဆုံးဖြတ်မှု မဟုတ်ခြင်း (Non-majoritarianism)**

အခြေခံမှုများကို သတ်မှတ်ရာတွင် လူများစု၏ ဆန္ဒဖြင့်ဆုံးဖြတ်မည် ဟူသော ပေတံဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဆိုင်ရာကိစ္စရပ်များကိုချဉ်းကပ်ပါက စိတ်ခေါ်မှုများကို ရင်ဆိုင်ရနိုင်ပါသည်။ ၎င်းအပြင် ဒီမိုကရေစီစနစ် ကိုယ်၌သည်ပင် လူများစု၏ထောက်ခံမှု တစ်ခုတည်း အပေါ်တွင်သာတည်ရှိနေခြင်းမျိုး မဟုတ်ဘဲ လူနည်းစု၏ သဘောတူညီမှု၊ ထောက်ခံမှုတို့အပေါ်တွင်လည်း မူတည်နေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေး သွင်ပြင် စရိုက်လက္ခဏာများကို သတ်မှတ်ရန် အတွက် လူ့အဖွဲ့အစည်း အားလုံး ပါဝင်နိုင်ရေး အတွက် ဆောင်ရွက်ရာတွင် လူနည်းစု အုပ်စုဝင်များ၏ ထောက်ခံမှုကိုရရှိအောင် ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရန်အတွက် သတ်မှတ်ထားသည့်ကာလ အပိုင်းအခြားအတွင်း မဖြစ်နိုင်ဘဲ အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်သည်ဟု Lerner (2010) ကရှုမြင်သည်။ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှုကို Non-majoritarianism သဘောတရားရှုထောင့်မှလေ့လာပါက ၎င်းချဉ်းကပ်မှုမှာ **လက်တွေ့ကျသည်ဟူသော အကြောင်းပြချက်** (Pragmatic Argument) နှင့် **အားလုံးပါဝင်သော သဘောတူညီမှုရယူနိုင်သည်ဟူသော အကြောင်းပြချက်** (Consensual Argument) နှစ်ရပ်ကို လေ့လာတွေ့ရှိနိုင်သည်။ လက်တွေ့ကျသည်ဟူသော အကြောင်းပြချက် (Pragmatic Argument) ဟူသည်မှာ လူများစု၏အမြင်တစ်ခုဖြင့်သာ ဆုံးဖြတ်ခြင်းသည် လူနည်းစုတို့၏အမြင်ကို ထုတ်ဖယ်သည့်သဘောသက်ရောက်နေပြီး ထိုသို့ဆုံးဖြတ်ခြင်းကလည်း ဒီမိုကရေစီကို ယိုင်နဲ့စေကာ ပဋိပက္ခများဖြစ်ပေါ်စေနိုင်သည်ဟုဆိုသည် (Lerner, 2010)။ အားလုံးပါဝင်သော သဘောတူညီမှုရယူနိုင်သည်ဟူသော အကြောင်းပြချက် (Consensual Argument) ကမူ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်၏ အခြေခံမူနှင့် စံနှုန်းများသည် နိုင်ငံတွင်းရှိ ကွဲပြားသော အသိုက်အဝန်းများ၏ ထောက်ခံမှုဖြင့်သာ တည်ရှိသင့်ပြီး လူများစု၏အမြင်နှင့်အကျိုးစီးပွားအပေါ် အခြေမခံသင့်ကြောင့် ယူဆသည်။ ထို့ကြောင့် လိုအပ်သလောက် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုမရနိုင်သော ၊ တစ်နည်းအားဖြင့် သဘောမတူညီမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသော အစိတ်အစိတ်အပိုင်းများကို ထောက်ခံမှုကျယ်ပြန့်စွာရသည်အထိ သို့မဟုတ် အားလုံးထောက်ခံသည်အထိ ရွှေ့ဆိုင်းထားသင့်သည်ဟု ဆိုသည် (Lerner, 2010)။

**ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲမှုကို ချဉ်းကပ်ရာတွင် တော်လှန်ရေးမဆန်ခြင်း (Non-revolutionary Approach)**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်များသည် အများအားဖြင့် တိုင်းပြည်၏ သမိုင်းတွင် အရေးပါသော ဖြစ်ရပ်များနှင့် တိုက်ဆိုင်လေ့ရှိသလို ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ သဘာဝအရလည်း နိုင်ငံသားများ၏ နိုင်ငံရေးဘဝ (political life) အပေါ် ကြီးကြီးမားမား သက်ရောက်မှု ပေးနိုင်သည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့် လုပ်ငန်းစဉ်အား ရတောင့်ရခဲအခွင့်အရေးတစ်ရပ်ကဲ့သို့ သဘောထားကာ သက်ဆိုင်ရာ အုပ်စုများအတွက် အဆင်အပြေဆုံးဖြစ်သော အပြောင်းအလဲများကို သယ်ဆောင်လာရန် မျှော်မှန်းတတ်ကြသည်မှာ မဆန်းကြယ်ပေ။ သို့သော် ဆယ်စုနှစ်များစွာကတည်းက အကြောင်းရင်းများစွာ အပေါ် အရင်းခံလာသော ပြဿနာများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့် တိုးတောင်းလှသည့် ကာလအတွင်း အပြီးသတ်နိုင်ရန်ဖြေရှင်းရန် မလွယ်ကူသကဲ့သို့ အထက်တွင်ဆိုခဲ့သည့်အတိုင်း ပြဿနာများက ပိုမို၍ပင် ကြီးထွားလာနိုင်သည့် အန္တရာယ်ပင် ရှိနေပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အလိုရှိသော အပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် အတွက် ပထမခြေလှမ်းသို့မဟုတ် မူဘောင်တစ်ခုအဖြစ် သဘောထားကာ တဖြည်းဖြည်းပြောင်းလဲခြင်းကို Incrementalist ချဉ်းကပ်မှုက အကြံပြုခြင်းဖြစ်သည်။ ၎င်းသဘောထားကို Gerald Chapman က 'လက်တွေ့ကျကျ စိတ်ကူးယဉ်ခြင်း' (practical imagination) ဟု အမှတ်သညာပြုသည် (Burke 2006)။

အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ရေးဆွဲသူများသည် အငြင်းပွားဖွယ်ဆွေးနွေးချက်များအား သဘောတူဆုံးဖြတ်ခွင့်ကို ဖွဲ့စည်းပုံအလွန် နိုင်ငံရေးနယ်ပယ် (သို့မဟုတ်) အင်စတီကျူးရှင်းများသို့ ရွှေ့ဆိုင်းပြီး တော်လှန်သောအခြေခံမှု၊ သဘောတရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမှု များထဲသို့ ထည့်သွင်း ခြင်း မပြုပဲ ရှောင်ရှားခဲ့ကြသည်။ တော်လှန်ရေးဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (သို့) ဥပဒေသည် ကြားကာလ အသွင်ဆောင်ပြီး ပြုလွယ်ပြင်လွယ်ရှိနိုင်သော်လည်း နိုင်ငံတော်သစ်တစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အုတ်မြစ်ချရာတွင် ရှိရင်းစွဲအရာအားလုံးကို တမဟုတ်ချင်း ပြောင်းလဲလိုသည့်တိမ်းညွတ်မှုကို ပြန်လည်ဆင်ခြင်ရန် အရေးကြီးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည်

"တော်လှန်ရေးအခိုက်အတန့်ကို ကိုယ်စားပြုခြင်းလော သို့တည်းမဟုတ် လူမှုရေးနှင့်နိုင်ငံရေး ပြောင်းလဲမှုတို့နှင့် ဆက်စပ်သည့် ဆင့်ကဲဖြစ်စဉ်အားအစပြုခြင်းလော" ဆိုသည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲသူများ အနေဖြင့် စဉ်းစားချင့်ချိန်ရန်လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် တော်လှန်ရေး သဘောတရားပါသောနေ့ချင်းညချင်းပြုပြင်ပြောင်းလဲမှုများကို ကိုယ်စားပြုသည့် ပြဌာန်းချက်များကို ရေးဆွဲသူများက တစ်ခါတရံလိုလားတတ်ကြသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေရှည်တည်တံ့မှုကို မျှော်ရည်၍ တဖြည်းဖြည်းချင်းဆင့်ကဲပြောင်းလဲမှု (Gradual change) သဘောဆောင်သည့် ပြဌာန်းချက်များအား သဘောထားကွဲပြားမှုအက်ကြောင်းများကို ပိုမိုထင်ရှားမလာစေရန်အတွက် ဖြေရှင်းမှုတစ်ခုအဖြစ် အသုံးပြုနိုင်သည်။

**ကွဲပြားခြားနားမှုများကို အရှိအတိုင်းအသိအမှတ်ပြုခြင်း (Representing the Existing Disagreements)**

Incrementalist ချဉ်းကပ်မှုသည် ကွဲပြားခြားနားမှုများရှိနေသည့်လူ့အဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် နည်းလမ်းတစ်ရပ်ဖြစ်သည့်အလျောက် တတိယမြောက် သဘောတရားမှာ ကွဲပြားခြားနားမှုများကို အရှိအတိုင်းအသိအမှတ်ပြုခြင်းဖြစ်သည်။ မတူကွဲပြားသောအုပ်စုများ၏ ပါဝင်မှုမှာ အရေးကြီးသကဲ့သို့ ကွဲပြားသောအမြင်များတွင် ဘဘောတူညီမှုမရရှိနိုင်ပါက ၎င်းအမြင်များကိုပါ ဖွဲ့စည်းပုံအတွင်းတွင် တိုက်ရိုက်ပါဝင်နိုင်ရန် စီမံခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ရှိရင်းစွဲမတူကွဲပြားသည့် ဆွေးနွေးချက်နှင့် လိုလားချက်များကို ပွင့်လင်းစွာဖော်ပြပြီး ဆက်လက်ဆွေးနွေးမှုများကို နိုင်ငံရေးဘောင်သို့ ရွှေ့ပြောင်းထားကြောင်း ရိုးရှင်းစွာရေးသားခြင်းကလည်း ထိုကဲ့သို့မတူကွဲပြားသည့် လိုလားချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေပဒေကအသိအမှတ် ပြုခြင်းဖြစ်ကြောင်း ထင်ရှားစေပြီး နောက်ဆက်တွဲ

ဆွေးနွေးချက်များကလည်း သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်နိုင်မည်ဖြစ်သည်။

## ဆုံးဖြတ်ချက်များကို နိုင်ငံရေးဘောင်သို့ ပြောင်းရွှေ့ခြင်း

တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှု၏ အရေးကြီးဆုံးနှင့် အခရာအကျဆုံးအချက်မှာ အငြင်းပွားမှုများ၊ မတူကွဲပြားသည့် လိုလားချက် များနှင့် စပ်လျဉ်းပြီး ပြုလုပ်ရမည့် ဆုံးဖြတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် မဆုံးဖြတ်တော့ပဲ နိုင်ငံရေးအခင်းအကျင်းသို့ ပြောင်းရွှေ့ခြင်းဖြစ်သည်။ နိုင်ငံရေးအခင်းအကျင်းသို့ပြောင်းရွှေ့ခြင်းဆိုသည်မှာ လက်ရှိတွင် လိပ်ခဲတည်းလည်း ဖြစ်နေသော အခြေခံဥပဒေတွင် ပါဝင်ရမည့် ဆုံးဖြတ်ချက်အချို့ကို ယင်းဥပဒေ ရေးဆွဲ၊အတည်ပြု၊အသက်ဝင်ပြီးနောက်ပိုင်းမှ နိုင်ငံရေးဆွေးနွေးပွဲများ၊ သဘောတူညီချက်များ၊ လွှတ်တော်မှဥပဒေပြဌာန်းမှုများ စသည့်နိုင်ငံရေးအခင်းအကျင်းများမှတဆင့် ဆွေးနွေးချမှတ်ရန် ရွှေ့ဆိုင်းခြင်းဖြစ်သည်။

ကွဲပြားသောလူမှုအဖွဲ့အစည်းတို့၏ နိုင်ငံရေးအယူအဆစံနှုန်းများအပေါ် အငြင်းပွားမှုများ၊ ပြဿနာရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခင်းအကျင်းထက် နိုင်ငံရေးအရဖြေရှင်းခြင်းသည် ပဋိပက္ခတို့ကို ရှောင်လွှဲနိုင်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများက ယူဆတတ်ကြသည်။ ထိုသို့ရွှေ့ဆိုင်းလိုက်ခြင်းအားဖြင့်လည်း ကွဲပြားခြားနားသော လူအဖွဲ့အစည်းများ၏ နိုင်ငံရေးအယူအဆ၊ နှုန်းစံများကို ပိုမိုကျယ်ပြန့်စွာကိုယ်စားပြုပြီး ၎င်းစံနှုန်းများ၏ တရားဝင်မှုနှင့် အများလက်ခံမှုမြင့်မားလာအောင် လုပ်ဆောင်နိုင်ပါသည် (Lerner, 2010)။

## အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှု လုပ်ငန်းစဉ်ကို လေ့လာသုံးသပ်ခြင်း

အိန္ဒိယနိုင်ငံသည် လူမျိုးရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ သာသာရေးနှင့် ဘာသာစကားကွဲပြားစုံလင်မှု အရှိဆုံးနိုင်ငံများ အနက်မှ တစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုသော “ဘုံ” သွင်ပြင်လက္ခဏာတစ်ခု တည်ဆောက်ရေးထက် လူမှုရေးအရကွဲပြားစုံလင်မှုကို

ဟန်ချက်ညီအောင် ပြုလုပ်ရေးမှာ စေရန်မှာ လွတ်လပ်ရေးရသည့် ၁၉၄၇ လွတ်လပ်ရေးမတိုင်မီ အန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံခေါင်းဆောင်များ၏ အဓိကရည်မှန်းချက် ဖြစ်ခဲ့သည်။ အဆိုပါ ရည်မှန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထင်ဟပ်နိုင်ရေးသည် ၁၉၄၆ ဒီဇင်ဘာလမှ ၁၉၄၉ ဒီဇင်ဘာလအထိ ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးညီလာခံအတွက် အကြီးဆုံးစိန်ခေါ်မှုတစ်ရပ် ဖြစ်ခဲ့သည် (Lerner, 2010)။

မတူညီသောအမြင်များ ရှိနေသည့်ကြားက အမြင် တစ်ခုကိုသာ ရွေးချယ်ကျင့်သုံးမှုသည် နိုင်ငံသစ်၏ နုနယ်လှသော ဒီမိုကရေစီစနစ်အား ဒီမိုကရေစီစနစ်ကို ထိခိုက်သွားစေနိုင်သည်ကို အန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူတို့က နားလည်လာခဲ့ကြပြီး အငြင်းပွားမှုများရှိနေသည့် ကိစ္စများအတွက် ပြဋ္ဌာန်းချက်များတိတိပပ ထည့်သွင်းခြင်းမပြုတော့ဘဲ ယေဘုယျဆန်သော ပြဋ္ဌာန်းချက်များကိုသာထည့်သွင်းခဲ့ကြပါသည်။ ထိုအငြင်းပွားဖွယ် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြုလုပ်ရမည့် ဆုံးဖြတ်ချက်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအား ရေးဆွဲအတည်ပြုပြီး နောက်ပိုင်း အမျိုးသားအဆင့် နိုင်ငံရေး စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်သွားရန် ရွှေ့ဆိုင်းခဲ့ကြသည် (Lerner, 2010)။ ယင်းနည်းလမ်းကို တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့်ချဉ်းကပ်မှုဟု ခေါ်ဆိုနိုင်သည်။

## တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှုနှင့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်မှ အငြင်းပွားမှုများ

အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့်လုပ်ငန်းစဉ်တွင် ပေါ်ပေါက်ခဲ့သော အဓိကအငြင်းပွားမှုနှစ်ခုမှာ နိုင်ငံ၏ တရားဝင်ရုံးသုံးဘာသာစကား သတ်မှတ်ရေးနှင့် နိုင်ငံတစ်ခုလုံးကို လွှမ်းခြုံသည့် တခုတည်းသော တရားမကိုစ ဥပဒေ (Unified Civil Code) ပြဋ္ဌာန်းသတ်မှတ်ရေး တို့ဖြစ်ပါသည် (Lerner, 2010)။ ပထမအငြင်းပွားမှုဖြစ်သည့် နိုင်ငံ၏ တရားဝင်ရုံးသုံးဘာသာစကားသတ်မှတ်ခြင်းအား ခွဲခြမ်းစိတ်ဖြာခြင်းမပြုမီ ၎င်း၏အရေးပါမှုကို ဦးစွာသိရှိရန် လိုအပ်ပါသည်။ ဘာသာစကား ကွဲပြားသော လူအဖွဲ့အစည်းများစွာ နေထိုင်သည့်နိုင်ငံများတွင် ဘာသာစကားတစ်ခုတည်းကို နိုင်ငံ၏ တရားဝင်ရုံးသုံးဘာသာစကားအဖြစ်ပြဋ္ဌာန်း လိုက်ပါက

ထိုဘာသာစကားကို အသုံးမပြုသောလူနည်းစုများ၏ အခွင့်အရေးများကို ဖယ်ထုတ်ရာရောက်ပြီး ယင်းသည် ခွဲထွက်ခြင်းအထိအောင် ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်ပါသည်(Williams, 2007)။[1]

ထို့ကြောင့် တစ်ခုထက်ပိုသော ဘာသာစကားကို ရုံးသုံးဘာသာစကားများ အဖြစ် သတ်မှတ်ပြဌာန်းပေးခြင်းသည် အခြားသောဘာသာစကားများကို အသိအမှတ်ပြု အကာအကွယ်ပေးရာ ရောက်ပါသည်။ ထိုနည်းလမ်းသည် ဘာသာစကားများစွာ သို့မဟုတ် တစ်ခုထက်၍ တည်ရှိနေသော နိုင်ငံများအတွက် သင့်တော်သည့်ရွေးချယ်မှုတစ်ရပ်ဖြစ်သည် (Williams, 2007)။[2]

အိန္ဒိယနိုင်ငံ၏ ဘာသာစကားအသုံးပြုမှုကို လေ့လာကြည့်လျှင် လွတ်လပ်ရေးရသည့် ၁၉၄၇ ခုနှစ်တွင် လူဦးရေ ၁၃ သန်းခန့် ပြောဆိုအသုံးပြုသော ဘာသာစကားပေါင်း ဆယ်မျိုးရှိပြီး လူဦးရေ တစ်သန်းကျော် ပြောဆို အသုံးပြုသော ဘာသာစကားပေါင်း ၁၇ မျိုးကျော် ရှိသည် (Stepan, Linz and

---

[1] ဥပမာအနေဖြင့် သီရိလင်္ကာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ဆင်ဟာလာဘာသာစကားကို တစ်ခုတည်း သောရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ခဲ့ကြပြီး ထိုကဲ့သို့သတ်မှတ်ခြင်းကြောင့် တမီးလ်ဘာသာစကား ပြောဆိုသူများမှ ဗဟိုအစိုးရအဖွဲ့အစည်းများ၌ ဘာသာစကား နှစ်ခုစလုံးအသုံးပြုရန် တောင်းဆိုခဲ့ကြရာ နောက်ပိုင်းတွင် တမီးလ်လူမျိုးအများစုနေထိုင်ရာ ပြည်နယ်တစ်ခု သတ်မှတ်ပေးမည့် ဖက်ဒရယ်စနစ် ခွဲထွက်ရေးအထိပါ တိုး၍တောင်း ဆိုလာကြပြီး နိုင်ငံတွင်း ဆယ်စုနှစ်များကြာအောင် ပြည်တွင်းစစ်ဖြစ်ခဲ့သည် (Sakunthala Jayamaha, 2022)။ ထို့အပြင် ၁၉၇၁ ခုနှစ်ပါကစ္စတန်တွင် အူရ်ဒူ နှင့် ဘန်ဂါလီစကားနှင့်ပက်သက်ပြီး တရားဝင်ဘာသာစကား အဖြစ်သတ်မှတ်ရန်မှ အစပြု၍အရှေ့ပါကစ္စတန် ခွဲထွက်ရေး ဆက်လက်ဖြစ်ပွားပြီး အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန် စစ်ပွဲများဖြစ်ပွားခဲ့ပြီး နောက်ဆုံးတွင် အရှေ့ပါကစ္စတန်ကခွဲထွက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ တည်ထောင်ခဲ့ကြသည်(Sazzad, 2020)။ ထို့အပြင် နီပေါနိုင်ငံ အိန္ဒိယနယ်စပ် ဖြစ်သောတထ်ရိုင်းဒေသရှိမဒ္ဒဟက်ရှိ လူမျိုးများမှဟင်ဒီဘာသာစကား ကိုတရားဝင်ဘာသာစကားအဖြစ်သတ်မှတ်ရန်တောင်းဆိုမှုမှဖြစ်သည့်ပဋိပက္ခများလည်းရှိသည်(Ashish Giri, 2010)။

[2] ဥပမာအားဖြင့်အင်ဒိုနီးရှားနိုင်ငံတွင် တိုင်းရင်းသား လူမျိုးစုအမျိုးမျိုး ပြောဆိုကြသည့် ဘာသာစကားပေါင်း ၇၀၀ ကျော်ရှိရာ လူဦးရေ၏ ၅ ရာခိုင်နှုန်းအောက်သာပြောဆိုသော ဘဟာဆာအင်ဒိုနီးရှား ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ အရ အသိအမှတ်ပြုခဲ့သည်။ အီရတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၅) ပုဒ်မ ၄ အရ အာရဗီ နှင့် ကာ့ဒစ်ရှ် ဘာသာစကားများကို ရုံးသုံးအဖြစ်ရွေးချယ် သတ်မှတ်ထားပြီး အစိုးရပြန်တမ်း၊ ဥပဒေပြုရေး၊ အစိုးရအဖွဲ့၊ တရားရုံးများနှင့် စာချုပ်စာတမ်းများရေးဆွဲရာ၌ အသုံးပြုရမည်ဟူ၍ ပြဌာန်းထားသည်။ ထို့အပြင် ဘယ်လ်ဂျီယံနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၈၃၁)တွင် ဘာသာစကားအပေါ်အခြေခံ၍ ဒတ်ချ်ဘာသာစကားပြောဒေသ၊ ပြင်သစ်ဘာသာစကားပြောဒေသ၊ ဂျာမန် ဘာသာစကားပြောဒေသနှင့် ဘာသာစကားနှစ်မျိုးပြော (ဒတ်ချ်နှင့် ပြင်သစ်) မြို့တော်ဘရပ်ဆဲလ်ဒေသဟူ၍ ဒေသလေးခုအဖြစ် ဘာသာစကားကိုတရားဝင်အသိအမှတ်ပြုပိုင်ခွင့်ကို ပြည်နယ်အဆင့်အထိ ပိုင်းခြားခွင့်ပြုထားသည်ကိုတွေ့ရသည်။

Yogendra Yadav, 2010)။ ၁၉၆၁ သန်းခေါင်စာရင်းအရ ဟင်ဒီဘာသာစကားပြောဆိုသူသည် စုစုပေါင်းလူဦးရေ၏ ၃၃.၃၇ ရာခိုင်နှုန်းရှိပြီး ၂၀၀၁ သန်းခေါင်စာရင်းတွင် ၄၁.၀၃ ရာခိုင်နှုန်းထိ ရှိပါသည် (Office of the Registrar General, India (ORGI), 1968)။ အဆိုပါပမာဏသည် လူဦးရေ သန်းပေါင်းများစွာရှိနေလင့်စကား ရာခိုင်နှုန်းအားဖြင့် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ပင် မရှိသေးချေ။

ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးညီလာခံတွင်မူ တရားဝင်ရုံးသုံးဘာသာစကား သတ်မှတ်ရေးအပေါ် ဟင်ဒီစကားအသုံးပြုသောဒေသများမှကိုယ်စားလှယ်များနှင့် ဟင်ဒီမဟုတ်သော ဘာသာစကားအသုံးပြုသည့် ဒေသများမှကိုယ်စားလှယ်များ အကြား အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့ပါသည် (Lerner, 2011)။ ဟင်ဒီစကားအသုံးပြုသောသူများက ဟင်ဒီဘာသာစကားကို တရားဝင်ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ် ပြီး အင်္ဂလိပ်ဘာသာစကားကို ကြားခံဘာသာစကား (ligua franca) အဖြစ် အသုံးပြုရန် တောင်းဆိုခဲ့ကြ ပြီး တဖက်တွင် အခြားဘာသာ စကားပြောဆိုသူများကမူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တပြေးညီ ဘာသာစကား တစ်ခု သတ်မှတ်ခြင်းထက် အခြားသော ဘာသာစကားများကိုပါ အသိမှတ်ပြု လက်ခံခြင်းက ကွဲပြားခြားနားမှုများကြားမှ စည်းလုံးညီညွတ်ရေးကို ပို၍တည်ဆောက်နိုင်မည်ဟု ထောက်ပြပြောဆိုခဲ့ကြသည် (Legislative Assembly Debates, 1947)။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ရုံးသုံးဘာသာစကား သတ်မှတ်ရေးနှင့်ပတ်သက် ၍၁၉၄၆ ခုနှစ်မှ ၁၉၄၈ အတွင်း သုံးနှစ်နီးပါးအချိန်ယူ စေ့စပ်ညှိနှိုင်းခဲ့ကြသည်။ အင်္ဂလိပ် ဘာသာစကားသည် ဗြိတိသျှကိုလိုနီလက်ထက်တွင် ရုံးသုံး ဘာသာစကားဖြစ်ခဲ့ရာ လွတ်လပ်ရေးရချိန်၌ ဌာနေတိုင်းရင်းသား ဘာသာစကား (အထူးသဖြင့်ဟင်ဒီ) တစ်ခုကို သာရုံးသုံးဘာသာစကားအဖြစ် အသုံးပြုမည်၊ မပြုမည်ကိုဆွေးနွေးခဲ့ကြသည်။ သဘောထားတင်းမာမှုများနောက်ဆုံးတွင် ကြားကာလ အသွင်ကူးပြောင်းရေး အစီအမံအဖြစ် ဟင်ဒီဘာသာစကားကို အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၃ အရလည်းကောင်း အင်္ဂလိပ်ဘာသာစကားကို အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၁ အရလည်းကောင်း ရုံးသုံးဘာသာစကားများအဖြစ် အသိအမှတ်ပြုခဲ့သည်။ ဆက်လက်ပြီး မူလရှိရင်းစွဲ အင်္ဂလိပ်ဘာသာစကားမှ ဟင်ဒီဘာသာစကား တစ်ခုတည်းကိုသာ ရုံးသုံးဘာသာစကားတစ်ခုတည်းအဖြစ်

နောင်ကာလများတွင်သတ်မှတ်နိုင်ရန် အစိုးရကော်မရှင်ကို ဥပဒေအရ ကြားကာလ ၁၅ နှစ်အတွင်းကြိုးပမ်းဆောင်ရွက်ရမည်ဟု အခွင့်အာဏာအပ်နှင်းပြီး ၁၅ နှစ်သက်တမ်း ကုန်ဆုံးပါက ပြန်လည်စဉ်းစားဆုံးဖြတ်မည် ဟုတိုင်းပြုပြည်ပြုလွှတ်တော်မှ ကြေညာခဲ့သည်။ သို့သော်ထိုကဲ့သို့ကြိုးပမ်းချက်သည် အိန္ဒိယနိုင်ငံ့ဝန်ထမ်း ဝင်ခွင့်စာမေးပွဲအပေါ် ဂယက်ရိုက်ပြီးအထူးသဖြင့်ထိုစာမေးပွဲသည် ဗဟိုအစိုးရ နှင့် ပြည်နယ်အစိုးရများတို့၏ ဗျူရိုကရေစီယန္တရား၌ အကြီးတန်းရာထူးအများစုအတွက် ဝင်ခွင့် ဖြစ်နေလေရာ နိုင်ငံရေးအာဏာနှင့် စီးပွားရေးအခွင့်အလမ်းများ လက်လှမ်းမီနိုင်မှုနှင့် အလွန် ဆက်စပ်နေသည့် အတွက်ဟင်ဒီ ဘာသာစကားဦးစားပေး၍ ကျင်းပမည့် အခြေအနေမျိုးကို ဆန့်ကျင်ကန့်ကွက်မှုများပေါ်ပေါက်ခဲ့သည်။ ဟင်ဒီဘာသာစကားကို ရွေးချယ်ခြင်းသည် မိမိတို့ပြည်နယ်များအပေါ် ခေတ်သစ်ကိုလိုနီပြုရာရောက်သည်ဟူ၍ ဟင်ဒီဘာသာစကားမပြောဆိုသူများကဆိုခဲ့ကြသည်။ ထို့နောက် အဆိုပါ ၁၅နှစ်သက်တမ်းကုန်ဆုံးသည့် ၁၉၆၀ ပြည့်နှစ်များတွင် ပြည်နယ်များ၌ ဆန္ဒပြမှုများပေါ်ပေါက်လာပြီး ဟင်ဒီဘာသာစကားအား တရားဝင်ရုံးသုံးဘာသာစကားတစ်ခုတည်းသတ်မှတ်ရန် ကြိုးစားမှုကို အိန္ဒိယပါလီမန်မှ လက်လျှော့ကာ အင်္ဂလိပ်စကားကိုပါ ကြားခံဘာသာစကား (Linga Franca) အဖြစ် ဗျူရိုကရေစီနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အသုံးပြုခဲ့ကြသည် (Lerner, 2010)။

ဒုတိယအပြောင်းပွားမှုသည် နိုင်ငံတစ်ဝှမ်းတစ်သမတ်တည်းဖြစ်သော တရားမကိုဥပဒေ (Uniform Civil Code) တစ်ခု ပြဋ္ဌာန်းသတ်မှတ်ရေးဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတရားမဆိုင်ရာဥပဒေများတွင် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းများ (များသောအားဖြင့် ဟိန္ဒူဓလေ့ထုံးတမ်းများ) လွှမ်းမိုးပါဝင်နေခြင်းမှဖယ်ထုတ်ခြင်းဖြစ်သည်။ ဘာသာရေးကင်းလွတ်သော နိုင်ငံတော် (Secular State) ဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်သည် မည်သည့် ဘာသာတရားအပေါ်မှ အခြေခံခြင်း မရှိပဲ တည်ဆောက်ထားသော ဘာသာရေး ကင်းလွတ်သည့် နိုင်ငံတော်ဖြစ်ပြီး ဘာသာရေးလွတ်လပ်ခွင့်ကို အကာအကွယ်ပေးသည့် နိုင်ငံဖြစ်သည် (Williams, 2007)။ အိန္ဒိယရှိ လူဦးရေအများစုသည် ဟိန္ဒူဘာသာကိုကိုးကွယ်ကြပြီး စုစုပေါင်းလူဦးရေ၏ ၁၂ ရာခိုင်နှုန်းသည် အစ္စလာမ်ဘာသာကိုကိုးကွယ်သည်

(Lerner, 2010)။ အိန္ဒိယနိုင်ငံသည် ဘာသာရေးအရလည်း ကွဲပြားခြားနားမှုများစွာရှိသောကြောင့် ၎င်းတို့၏တရားမကိုဓဥပဒေကို ရေးဆွဲကျင့်သုံးရာတွင် လူမှုပတ်ဝန်းကျင် အပေါ်အခြေခံကာ ဘာသာရေးကိုအခြေမခံသည့် တရားမကိုဓဥပဒေတစ်ရပ်ကို ချမှတ်ရန် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း ၄ ပုဒ်မ ၄၄ တွင်ပြဋ္ဌာန်းခဲ့သည် (Lerner, 2010)။ သို့ရာတွင်ယင်းဥပဒေ၏ ပုဒ်မ ၃၇အရ အထက်တွင်ဖော်ပြခဲ့သည့် တရားမကိုဓဥပဒေတစ်ရပ်ကို ချမှတ်ရန်ပြဋ္ဌာန်းချက်များကို တရားရုံးများ တွင်အသုံးမပြုနိုင်သေးဘဲ( တနည်း အာဏာသက်ရောက် ခြင်းမရှိသေးဘဲ) ဥပဒေပြုရာ တွင် ဆက်လက်ဆွေးနွေးရမည်ဖြစ်ပြီးထိုအခါတွင် စံပြုရမည့် မူများအဖြစ်သာပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုပြဋ္ဌာန်းချက်ကြောင့် အိန္ဒိယပါလီမန်သည် ကွဲပြားခြားနားသော ဘာသာရေး အသိုက်အဝန်းများတွင် အသုံးပြုနိုင်မည့် အသီးသီးသောသော တရားမကိုဓဥပဒေများ ချမှတ်ခဲ့သည် (Lerner, 2010)။ ၎င်းတို့ကိုကြည့်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့ခဲ့ရသော အငြင်းပွားမှုများကို တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့်ချဉ်းကပ်မှု ဖြင့်ဖြေရှင်းခဲ့သည်ကို တွေ့ရသည်။

**အိုင်ယာလန်နိုင်ငံ၏ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းစဉ်ကို လေ့လာသုံးသပ်ခြင်း**

အိုင်ယာလန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (Bunreacht na hÉireann) ကို ၁၉၃၇ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၎င်း'အခြေခံဥပဒေသည် လွတ်လပ်သောအိုင်ယာလန်ပြည်နယ်အခြေခံဥပဒေ (Saorstát Éireann - ၁၉၂၂) မှဆင်းသက်လာခြင်းဖြစ်ပါသည်။ လွတ်လပ်သောအိုင်ယာလန်ပြည်နယ်အခြေခံဥပဒေကို အိုင်ယာလန်ပြည်တွင်းစစ်ကာလဖြစ်သော ဇွန် ၁၉၂၂ မှ မေ ၁၉၂၃ ကာလအတွင်း ရေးဆွဲ အတည်ပြု ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဖွဲ့စည်းပုံသည်ဗြိတိန်အစိုးရနှင့် အိုင်ယာလန် ပြည်သူ့ကိုယ်စားလှယ်များအကြားချုပ်ဆိုသည့် အင်ဂလို-အိုင်ယာလန် စာချုပ် (Anglo-Irish Treaty) မှတစ်ဆင့် ပေါ်ပေါက်လာသည့်ဖွဲ့စည်းပုံဖြစ်သည့်အတွက် နိုင်ငံတွင်းဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကိုအဆုံးသတ်ရန်၊ နိုင်ငံတွင်းလွှမ်းမိုးနေသည့် ဗြိတိသျှတို့၏ အခန်းကဏ္ဍနှင့် နိုင်ငံအတွင်းအားကောင်းလာသည့် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး (National Sovereignty)

ဆန့်ကျင်ဘက်အတွေးအခေါ်နှစ်ခုကြား တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှုကာရေးဆွဲဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၂ နှစ်တာကြာမြင့်ခဲ့သည့် ဗြိတိန်နှင့်အိုင်ယာလန်စစ်ပွဲ (၁၉၁၉-၁၉၂၁) အပြီးတွင် အင်ဂလို-အိုင်ယာလန်စာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၂၂ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထိုစာချုပ်ပေါ် အခြေခံကာရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခုဆွေးနွေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ သဘောထားမတူကွဲပြားမှုများမှာ အဓိကအားဖြင့် ထိုစာချုပ်ကိုလက်ခံ၍ ထိုစာချုပ်အခြေခံအပေါ်မှ လွတ်လပ်ရေးအရယူမည့် အတွေးအခေါ်နှင့် ထိုစာချုပ်ကိုဆန့်ကျင်ပြီး လုံးဝလွတ်လပ်ရေးအရယူမည့် အတွေးအခေါ်ဟူ၍ နှစ်ပိုင်းကွဲနေသည်ကို တွေ့ရှိရသည်။

အထူးသဖြင့် စာချုပ်ပါအချက်အလက်များဖြစ်သည့် အိုင်ယာလန်နိုင်ငံကို အခြားနိုင်ငံများဖြစ်ကြသည့် ကနေဒါ၊ သြစတေးလျ၊ နယူးဇီလန်နှင့် တောင်အဖရိကကဲ့သို့ ဗြိတိန်ဒိုမီနီယံအခြေအနေဖြင့်ထားရှိရန် (ပုဒ်မ-၁)၊ အိုင်ယာလန်လွှတ်တော်သည် ဗြိတိန်ဘုရင်ထံသစ္စာခံရန် (ပုဒ်မ-၄)၊ ဗြိတိန်မှစစ်လျော်ကြေးပေးရန် (ပုဒ်မ-၅)၊ ဗြိတိန်၏ရေတပ်နှင့် စစ်တပ်များကိုနိုင်ငံအတွင်းထားရှိရန် (ပုဒ်မ-၆ နှင့် ၇) နှင့် အိုင်ယာလန်ကာကွယ်ရေးတပ်၏အင်အားကို အကန့်အသတ်အတွင်းသာထားရှိရန် (ပုဒ်မ-၈) အစရှိသည်တို့သည် စောဒကတက်ဖွယ်ရာ အချက်များပင်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုသော် စာချုပ်ကိုလက်ခံပြီးလွတ်လပ်ရေးအရယူရေးနှင့် စာချုပ်သည်ဗြိတိန်တို့၏လွှမ်းမိုးမှုဖြစ်ပြီး ထိုစာချုပ်မှပေးသောလွတ်လပ်ရေးသည်လည်း ရွှေရည်စိမ်လွတ်လပ်ရေးဖြစ်သည့်အတွက် ထိုစာချုပ်ကို ငြင်းပယ်ရေးဟူ၍ အယူအဆနှစ်မျိုး သိသိသာသာကွဲပြားခဲ့ပြီး နောက်ဆုံး ပြည်တွင်းစစ်ဖြစ်ပွားစေခဲ့သည်အထိ သဘောထားကွဲပြားမှုတင်းမာခဲ့သည် (Kissane, 2005)။

၁၉၂၂ ဇန်နဝါရီလဆန်း ထိုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကြိုပမ်းကြသည့်အချိန်တွင်လည်း ထိုကွဲလွဲမှုနှစ်ခုအပေါ်မူတည်ပြီး ဖွဲ့စည်းပုံမူကြမ်း (၂) စောင်ပေါ်ထွက်လာခဲ့သည်။ ပထမမူကြမ်း အနေဖြင့် နိုင်ငံ၏လက်ရှိအခြေအနေအရဗြိတိသျှတို့ပါဝင်ပတ်သက်သည့် ဖွဲ့စည်းပုံကိုရေးဆွဲရန် (Political

Nationalism) တင်ပြပြီး ဒုတိယမူကြမ်းမှ အိုင်ယာလန်အမျိုးသားရေးဝါဒစစ်စစ်ကိုဖော်ပြသည့် ဖွဲ့စည်းပုံကိုရေးဆွဲရန် (Cultural Nationalism) တင်ပြခဲ့သည် (Hutchinson, 1987)။ အင်ဂလို - အိုင်ယာလန် စာချုပ်အရမူ အိုင်ယာလန်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗြိတိန်အစိုးရ၏ အတည်ပြုချက်ရမှသာ အသက်ဝင်စေမည်ဟု ဖော်ပြထားသည် (စာချုပ်ပုဒ်မ - ၁၈)။

ထို့ကြောင့် အိုင်ယာလန်နိုင်ငံ၏ကနဦးဖွဲ့စည်းပုံရေးဆွဲရေး အဓိကပြဿနာသည် 'အိုင်ယာလန်နိုင်ငံ၏အမျိုးသားလွတ်မြောက်ရေးနှင့် ကိုယ်ပိုင်အမျိုးသားလက္ခဏာပါသည့် ဖွဲ့စည်းပုံဥပဒေရေးဆွဲနိုင်မည်လော (သို့မဟုတ်) ဗြိတိသျှတို့ဖိအားအောက်မှ တစ်ဆင့်ချင်းသွားမည်လော'' ဟူသည့်ပြဿနာဖြစ်ပါသည်။ ထိုစဉ်ကာလ အိုင်ယာလန်နိုင်ငံဖွဲ့စည်းပုံရေးဆွဲရေးဖြစ်စဉ်ရှိ၏ နိုင်ငံရေးအင်အားစုများကို ခွဲခြားကြည့်ပါကလည်း ယေဘုယျအားဖြင့် ၃ ပိုင်းတွေ့ရှိနိုင်သည်။ ပြည်တွင်းတွင် စာချုပ်ကိုလက်မခံသည့် အင်အားစုနှင့် စာချုပ်ကို အခြေခံ၍ တဆင့်ချင်းလွတ်လပ်ရေးရယူမည့် အင်အားစုတို့အပြင် နောက်တစ်ပိုင်းမှာ ပြင်ပရှိ ဗြိတိန်အစိုးရတို့ဖြစ်သည် (Lerner, 2010)။ ဗြိတိန်အနေဖြင့် စာချုပ်ပါအတိုင်း ၎င်းတို့၏အုပ်ချုပ်ရေးအာဏာနှင့် လွှမ်းမိုးမှုများ ဆက်လက်တည်ရှိနေအောင် ဖိအားပေး နေသကဲ့သို့ (Curran, 1980)၊ စာချုပ်ကို လက်မခံသည့် ပြည်တွင်း အင်အားစုအနေဖြင့်လည်း ဗြိတိန်အာဏာကိုငြင်းဆန်ပြီး အမျိုးသားရေးကိုယ်ပိုင်လက္ခဏာကို ဖွဲ့စည်းပုံတွင်းထည့်သွင်းရေးမူ ဝါဒကို ကိုင်စွဲသည်။ ထို့ကြောင့် ပထမဆုံးအိုင်ယာလန်နိုင်ငံအခြေခံဥပဒေတွင် ဆန့်ကျင်ဘက်နှစ်ခုပေါင်းစပ် ထားသည့် (Symbolic Ambivalence) အခြေအနေကို ထင်ဟပ်နေပါသည်။ ဗြိတိသျှတို့က စာချုပ်တွင် သတ်မှတ်ထားသော ကန့်သတ်ချက်များသာမက အမျိုးသားလွတ်မြောက်ရေးလက္ခဏာများပါ ပေါင်းစပ် ပါဝင်နေသည်ကိုလည်း တွေ့နိုင်ပါသည်။ ဥပမာအနေဖြင့် တစ်နေရာတွင် 'အိုင်ယာလန်နိုင်ငံအစိုးရ၏ အာဏာအားလုံးနှင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအာဏာအရပ်ရပ်သည် အိုင်ယာလန်ပြည်သူလူထုထံမှ ဆင်းသက်စေရမည်' (ပုဒ်မ -၂) ဖော်ပြထားသလို အခြားနေရာတွင်လည်း 'နိုင်ငံ၏ဥသျှောင်သည် ဗြိတိန်ဘုရင်ဖြစ်သည် (ဖွဲ့စည်းပုံနိဒါန်းအပိုင်း -၂) ဟုဖော်ပြထားသည် (The Constitution of the Irish Free State – 1932, London)။

ကနဦးဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဆန့်ကျင်ဘက်အမြင်နှစ်ခုစလုံးကို ထည့် သွင်း ရေးဆွဲထားသည့်အတွက် ကောင်းကျိုးရော၊ ဆိုးကျိုးပါဒွန်တွဲနေလျှက် ရှိပါသည်။ ကောင်းကျိုးအနေဖြင့် ထိုကဲ့သို့ထည့်ရေးဆွဲထားသည့်အတွက်ကြောင့် ဗြိတိန်အစိုးရ၏ လက်ခံမှုဖြင့် ဒီမိုကရေစီရွေးကောက်ပွဲများကျင်းပပြီး အိုင်ယာလန်လွှတ်တော်၊ အစိုးရများ ဖွဲ့စည်းလာနိုင်ခြင်းပင်ဖြစ်ပါသည် (Leo Kohn, 1932) (W.K. Hancock, 1937)။ ဆိုးကျိုးအနေဖြင့် အိုင်ယာလန်အချုပ်အခြာအာဏာသည် အိုင်ယာလန်ပြည်သူထံမှ ဆင်းသက်သလော သို့တည်းမဟုတ် အိုင်ယာလန်သည် ဗြိတိန်အစိုးရလက်အောက်ခံအဖြစ်သာ ဆက်လက်တည်ရှိနေသေးသလောဟူသည့် အချုပ်အခြာအာဏာအရရှုပ်ထွေးမှုပေါ်ပေါက်လာခြင်း ဖြစ်ပြီး ဗြိတိသျှဒိုမီနီယံအဖြစ် ဆက်သွားမည်လော သို့တည်းမဟုတ် လုံးဝအုပ်ချုပ်ရေးကို ဆက်လက်တောင်းဆိုမည်လောဟူသည့် အမြင်နှစ်မျိုးလည်းပေါ်ထွက်ပေါ် ခဲ့ပါသည် (Lemer, 2010)။ နောက်ပိုင်းမှ လုံးဝလွတ်မြောက်ရေးအတွက်တောင်းဆိုသည့် အမြင်မှာ သိသိသာသာ အားပိုကောင်းလာခဲ့ပါသည်။

၁၉၂၃ တွင် အိုင်ယာလန်နိုင်ငံသည် နိုင်ငံပေါင်းချုပ်အသင်းကြီးတွင် လွတ်လပ်သော နိုင်ငံ တစ်ခုအဖြစ် ပါဝင်နိုင် ခဲ့ပြီး ၁၉၂၄ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ညီလာခံတွင် အင်္ဂလို-အိုင်ယာလန်စာချုပ်ကို လွတ်လပ်သောနိုင်ငံနှစ်နိုင်ငံကြား ချုပ်ဆိုသောစာချုပ်အဖြစ် အသိအမှတ်ပြု ခံရရေး ကြိုးပမ်းရာတွင် အောင်မြင်ခဲ့ပါသည် (Harkness, The Restless Dominion)။ ၁၉၃၁ တွင်မှ ဗြိတိန်ဘက်မှ ဒိုမီနီယံနိုင်ငံများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာကို အပြည့်အဝအာမခံပေးမည်ဆိုသည့် ဝက်စ်မင်စတာပြဋ္ဌာန်းချက် (Statue of Westminster, 1931) ကို သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် အိုင်ယာလန်နိုင်ငံသည် လွတ်လပ်ပြီး၊ အမှီအခိုကင်းသော ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်အပြည့်အဝရှိသော နိုင်ငံတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့ ပါသည်။

နောက်ပိုင်းတွင် ဗြိတိန်၏ ပြင်ပဖိအားမရှိတော့ခြင်းကြောင့် အိုင်ယာလန် ပြည်တွင်းအင်အားစုများအနေဖြင့် ဖွဲ့စည်းပုံပြင်ဆင်ရေးကို တိုးချဲ့လုပ်ဆောင်နိုင်ခဲ့သည်။ မူလအစတွင်

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံမူဝါဒအဖြစ်သာ ထည့်ရေးဆွဲခဲ့ခြင်းကြောင့် ရေရှည်အသေသဘောဖြစ်မနေပဲ ပြုလွယ်ပြောင်းလွယ်ပြင်ဆင်နိုင်ခဲ့သည် (Lemar, 2010)။ အထူးသဖြင့် ဗြိတိန်လွှမ်းမိုးမှုရှိနေသည့် ဖွဲ့စည်းပုံအခြေခံအတွင်းမှ ပြဋ္ဌာန်းချက်များကို တဖြည်းဖြည်းခြင်းပြောင်းလဲမှုဝါဒ (Incrementalism) နည်းလမ်းအရ ပြင်ဆင်နိုင်ခဲ့ပါသည်။ ၁၉၃၃ တွင် ဗြိတိန်ဘုရင်ထံသစ္စာခံရမည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့် ဗြိတိန်အတိုင်ပင်ခံထံသို့ အယူခံဝင်ရမည် (Rights to Appeal to the Privy Council) ဆိုသည့် ပုဒ်မများကိုပယ်ဖျက်ခဲ့ပြီး ၁၉၃၆ တွင် ဗြိတိန်ဘုရင်နှင့် ဆက်လက်ပတ်သက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာပုဒ်မအားလုံးကို ပယ်ဖျက်နိုင်ခဲ့ပါသည် (Brian Farrell, 1988) ။ ကနဦးဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၈၃ခု အနက် ၄၁ ခုအထိပြင်ဆင်နိုင်ခဲ့ပြီး ၁၉၃၇ တွင်တော့ အိုင်ယာလန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (bunreacht na héireann) ကိုအသစ်ပြဋ္ဌာန်းနိုင်ခဲ့ပါသည် (Lemer, 2010)။

ဤနည်းအားဖြင့် လွတ်လပ်သောအိုင်ယာလန် (Free Irish State) ဖွဲ့စည်းပုံအခြေခံဥပဒေသည် တဖြည်းဖြည်းခြင်းပြောင်းလဲမှုဝါဒ (Incrementalism) ၏နောက်ထပ်ဥပမာတစ်ခုဖြစ်ခဲ့သည်။ ထိုကာလရှိ လုံးဝလွတ်လပ်ရေးနှင့် ဗြိတိန်လွှမ်းမိုးမှုအောက်မှ လွတ်လပ်ရေးယူရေးအမြင်နှစ်ခုကြားတွင်လည်း အိုင်ယာလန်၏အနာဂါတ်ကို မည်သို့စခန်းသွားမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းမဖော်ပြဘဲ ရေးဆွဲခဲ့ခြင်းကလည်း အထိုက်အလျောက်အလုပ်ဖြစ်ခဲ့သည်ဟု ဆိုရမည်။ အိုင်ယာလန်ပြည်သူအားလုံးအတွက်မှာ လုံးဝလွတ်လပ်ရေးသည်သာ ပန်းတိုင်ဖြစ်သည်။ သို့ရာတွင် ပကတိအခြေအနေများဖြစ်တဲ့ ဗြိတိန်နှင့်စာချုပ်၊ ဗြိတိန်၏လွှမ်းမိုးမှုတို့ကြောင့် လုံးဝလွတ်လပ်ရေးကို ချက်ချင်းရယူရန်မှာ အကန့်အသတ်များစွာရှိခဲ့သည်။ ဤအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသေးစိတ်ဖော်ပြချက်များ မပါရှိပဲ 'အဟ'များစွာဖြင့်ရေးဆွဲခဲ့ခြင်းဖြင့် ရေရှည်တွင် အဆင်ပြေနိုင်မည့်နည်းလမ်းကို ကြံဆခဲ့ခြင်းဖြစ်သည်။ ဆက်လက်ဖြစ်ပေါ်ခဲ့သော တိုးတက်မှုများအရ ၎င်းချဉ်းကပ်မှုမှာ အောင်မြင်ခဲ့သည်ဟု ဆိုနိုင်သည်။

**တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒ (Incrementalism) ဖြင့် ချဉ်းကပ်မှုအား သုံးသပ်ခြင်း**

အထက်တွင် ဥပမာပေးဆွေးနွေးခဲ့သည့် အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် မလွဲသာ မရှောင်သာ ပေါ်ပေါက်လာတတ်သည့် သဘောထား ကွဲပြားမှုများကို ချဉ်းကပ်ရာတွင် တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒ နည်းလမ်းကို အသုံးပြု နိုင်ပြီး၊ ယင်းနည်းလမ်းသည် တမျိုးတည်း၊ တသတ်မတ်တည်း ပုံသေ တည်ရှိနေသည့် နည်းလမ်း တစ်ခုတော့ မဟုတ်ချေ။ နိုင်ငံ၏ အနေအထားပေါ် မူတည်၍ လည်းကောင်း၊ ရင်ဆိုင်နေရသည့် အတားအဆီးပေါ် မူတည်၍ လည်းကောင်း၊ ခေတ်ကာလအပေါ် မူတည်၍ လည်းကောင်း လိုအပ်သလို လိုက်လျောညီရှိအောင် အသုံးချနိုင်ပါသည်။ အထက်တွင်ပေးခဲ့သော လက်တွေ့ ဥပမာများအရ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှု၏ အဓိက အနှစ်သာရမှာ တိုင်းပြည်၏ သမိုင်း အချိုးအကွေ့ အပြောင်းအလဲဖြင့် မည်မျှပင် တိုက်ဆိုင်နေစေကာမူ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်ကို တော်လှန်ရေးမျက်နှာစာ အဖြစ် ရှု့မြင်ခြင်းမပြုပဲ ယင်းထက်ကျော်လွန်ပြီး ရှု့မြင်တတ်ခြင်းကို ဘုံသဘောသဘာဝအဖြစ် တွေ့နိုင်ပါသည်။ နောက်ထပ်တွေ့ရှိနိုင်သည့် သဘောတရား တစ်ခုမှာ အချို့သောကိစ္စရပ်များဖြစ်သည့် အစိုးရယန္တရားများ ဖွဲ့စည်းပုံ၊ လည်ပတ်ပုံ အစရှိသည်တို့ကို တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ရန် လိုအပ်သော်လည်း အချို့သော ကိစ္စရပ်များသည် မည်မျှပင် အခြေခံကျ၊ အရေးပါစေကာမူ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းရန် မလိုအပ်ကြောင်း အသိအမှတ်ပြုခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်နှင့် ပြည်သူမှလိုလားသော နှုန်းစံများ၊ တန်ဖိုးများကို မတူကွဲပြားသည့် လူ့အဖွဲ့အစည်းများအကြား ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာအောင်၊ သို့တည်းမဟုတ် မတူကွဲပြားသည့်လူ့အဖွဲ့အစည်းမှ အလိုရှိသော နှုန်းစံနှင့် တန်ဖိုးများကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထင်ဟပ်လာအောင်၊ ပါဝင်လာအောင် ကြိုးပမ်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့် တိုတောင်းလှသော ကာလအတွင်း ပြီးပြတ်ရန် မဖြစ်နိုင်ပဲ အချိန်ယူ ဆောင်ရွက်ရသည့် အနေအထားမျိုး ဖြစ်သွားနိုင်သည် ဆိုသည့်အချက်ကို အသိအမှတ်ပြုခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရာတွင် လူအများစုဆန္ဒ သက်သက်ဖြင့်သွား၍မရပဲ မတူကွဲပြားသော လူ့အဖွဲ့အစည်းများ၏ ထောက်ခံမှုကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ရရှိအောင် အထူး

ဂရုပြု ဆောင်ရွက်ရန်လိုအပ်ကြောင်း အထက်တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ နိုင်ငံ၏ အခြေအနေပေါ်မူတည်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာအောင် ထည့်သွင်း စဉ်းစားပေးရမည့် အုပ်စုများလေလေ၊ သို့မဟုတ် ထိုအုပ်စုများအကြား မတူကွဲပြားမှု ကြီးများလေလေ သဘောတူညီမှုရရှိအောင် ကြိုးစားရသည့် လုပ်ငန်းမှာ ပို၍ ခက်ခဲလေလေပင်ဖြစ်သည်။ ဤဒွိဟ အခြေအနေကို ဖြတ်ကျော်ရန် ဖွဲ့စည်းပုံရေးဆွဲရေးဖြစ်စဉ်ကို 'တစ်သက်မှတစ်ခါ' အခွင့်အရေးဟု မရှုမြင်တော့ပဲ အဆင့်ပေါင်းများစွာထဲမှာ အဆင့်တစ်ဆင့်အဖြစ် သဘောထားကာ ဆုံးဖြတ်ချက်များကို နိုင်ငံရေးဘောင်သို့ရွှေ့ခြင်း၊ အဓိပ္ပာယ်တစ်ခုမက သက်ရောက်နိုင်သော ပြဋ္ဌာန်းချက်များထည့်သွင်းခြင်းနှင့် ရှေ့နောက် မညီညွတ်သော ပြဋ္ဌာန်းချက်များ ထည့်သွင်းခြင်းတို့ဖြင့် သဘောမတူညီမှုများကို နောင်မှ ဖြေရှင်းရန် ရွှေ့ဆိုင်းက ရှေ့ခရီးဆက်နိုင်ရန် စီမံနိုင်ပါသည်။

ထိုသို့ ရွှေ့ဆိုင်းခြင်းသည် မတူကွဲပြားသော လူ့အဖွဲ့အစည်းများ၏ လိုလားချက်များကို နောင်ခါလာ၊ နောင်ခါဈေး နည်းလမ်းဖြင့် ဖြေရှင်းရန် ရွှေ့ဆိုင်းခြင်းမျိုး မပြုလုပ်ရန် လွန်စွာမှ အရေးကြီးလှပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ခက်ခဲသော ဆုံးဖြတ်ချက်များကို မပြုလုပ်ပဲ ရွှေ့ဆိုင်းခြင်းအားဖြင့် ရှောင်လွှဲပစ်ရန် တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒ နည်းလမ်းက အကြံပြုနေသည်မဟုတ်။ အနာဂတ်တွင် မတူကွဲပြားသည့် လူ့အဖွဲ့အစည်းများ၏ လိုလားချက်များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာအောင်၊ သို့မဟုတ် ၎င်းတို့၏ ထောက်ခံမှုရရှိအောင် ပြုလုပ်စေရန်အတွက် အာမခံချက်အပြည့်အဝ ရှိသော အစီအမံများ ထားရှိရန်လည်း လိုအပ်ပါသည်။ ပထမဆုံးအဆင့်မှာ သဘောထားမတူကွဲပြားမှုများရှိနေသည်ကို အသိအမှတ်ပြုမှတ်တမ်းတင်ရန်ဖြစ်သည်။ ထို့နောက် အားလုံးပါဝင်နိုင်သော အနာဂတ်နိုင်ငံရေးဆုံးဖြတ်မှုဖြစ်စဉ်ကို စီစဉ်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းရှိ လွှတ်တော်၊ အစိုးရအစရှိသော နိုင်ငံတော်အဖွဲ့အစည်းများ ဖွဲ့စည်းလည်ပတ်ပုံများမှာ အနာဂတ်တွင်ချမှတ်မည့် ပိုမို၍ပြောင်းလွယ်ပြင်လွယ်ရှိသော ဆုံးဖြတ်မှုများအတွက် အရေးအပါဆုံး မူဘောင်များဖြစ်နိုင်သည်။

ဤတွင် ပေါ်ထွက်လာနိုင်သော မေးခွန်းတစ်ခုမှာ ယင်း နိုင်ငံတော် အဖွဲ့အစည်း ယန္တရားများ (State Institutions) (ဥပမာ - ရွေးကောက်ပွဲစနစ်၊ သမ္မတစနစ် (သို့) လွှတ်တော်စနစ်၊ ပြည်ထောင်စုနှင့်

ပြည်နယ်အဆင့်အစိုးရများ၏ အာဏာခွဲဝေမှု) အစရှိသည်တို့တွင် မတူကွဲပြားသော လူ့အဖွဲ့အစည်းများ မည်မျှ ပူးပေါင်းပါဝင်ကိုယ်စားပြုနိုင်စွမ်းရှိသနည်း ဟူသော မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းမှာ နိုင်ငံရေးဘောင်သို့ ရွှေ့ဆိုင်းမည့် ဆုံးဖြတ်ချက်များအတွက် အလွန်အရေးပါသောမေးခွန်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်မှ ဖယ်ထုတ်ရွှေ့ဆိုင်းမည့် ဆုံးဖြတ်ချက်များ အတွက် စီမံပြုလုပ်ထားသော အနာဂတ် ဆုံးဖြတ်ရေး လုပ်ငန်းစဉ်များတွင် မတူကွဲပြားသော လိုလားချက်များရှိနေသည့် အုပ်စုဝင်များက ထိထိရောက်ရောက် ပါဝင်လိုကြမည်သာ ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အဖွဲ့အစည်း (State Institutions) များ အရည်အသွေးကောင်းရန်၊ တိုင်းပြည်အတွင်းရှိ မတူကွဲပြားသော လူ့အသိုက်အဝန်းများအား အကျယ်ပြန့်ဆုံး ကိုယ်စားပြုနိုင်ရန်ဆိုသည်မှာ အလိုလျောက် လိုလားအပ်သော အရာတစ်ခုလည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်များကို နိုင်ငံရေးဘောင်သို့ ရွှေ့ဆိုင်းခြင်းသည် ဖြစ်စေ၊ မရွှေ့ဆိုင်းသည် ဖြစ်စေ နိုင်ငံတော် အဖွဲ့အစည်း ၊ ယန္တရားများ၏ အရည်အသွေးမှာ လျှော့ပေါ့စဉ်းစားရမည့်ကိစ္စမဟုတ်ပေ။

ထို့အပြင် အနာဂတ်သို့ ရွှေ့ဆိုင်းလိုက်သည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်သည့် နိုင်ငံရေး စေ့စပ်ညှိနှိုင်းမှုများအပေါ် မူဘောင် သတ်မှတ်သည့် သို့မဟုတ် ကန့်သတ်ချက်များ ထားရှိသည့် ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ အတွင်း ထည့်သွင်း ပြဋ္ဌာန်းနိုင်ပါသည်။ တစ်ခုမကသော နိုင်ငံရေးအခင်းအကျင်းများ (ဥပမာ- လွှတ်တော်၊ အထူးကော်မရှင်၊ ညီလာခံ စသည်များ) အပေါ် ၎င်းတို့ဆုံးဖြတ်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆုံးဖြတ်ပိုင်ခွင့်အာဏာ၊ အစီရင်ခံစာတင်ပြနိုင်သည့်အာဏာများ အပ်နှင်းနိုင်ပြီး ၎င်းအာဏာများအပေါ် မူဝါဒညွှန်ကြားချက်များ (directive principle) ဖြင့် ကန့်သတ်မှုများကိုလည်း ပြုလုပ်နိုင်ပါသည်။[3] ဥပမာအားဖြင့် အိန္ဒိယတွင် နိုင်ငံ၏ တရားဝင်ရုံးသုံးဘာသာစကားနှင့် နိုင်ငံတဝှမ်း တရားမကိုဓဥပဒေ သတ်မှတ်ရေးတို့တွင်

[3] မူဝါဒညွှန်ကြားချက် (Directive Principle) ဆိုသည်မှာ အကန့်အသတ်မဲ့အာဏာ အပ်နှင်းခြင်းမျိုး မဖြစ်စေရန် လူ့အခွင့်အရေးများကို လေးစားလိုက်နာစေခြင်း၊ မူဝါဒမှ အကျိုးသက်ရောက်နိုင်သော ပြည်သူများနှင့် ဆွေးနွေးတိုင်ပင်စေခြင်း၊ သက်ဆိုင်ရာအုပ်စုများအားလုံး ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်စေခြင်း အစရှိသည့် ကန့်သတ်ချက်/မူဘောင်များကို ဥပဒေအရ သတ်မှတ်သည့် ပြဋ္ဌာန်းချက်များဖြစ်သည်။

အစိုးရအဖွဲ့အစည်းများကို တာဝန်အပ်နှင်းသလို တစ်ဖက်တွင်လည်း ထိုသို့ သတ်မှတ်ရာတွင် လူနည်းစုများ၏ ယဉ်ကျေးမှုအခွင့်အရေးများနှင့် ၎င်းအခွင့်အရေးများနှင့် လုံခြုံမှုကို မထိခိုက်စေရန် မူဝါဒညွှန်ကြားချက်များဖြင့် ကန့်သတ်ခဲ့ပါသည် (Lerner 2010)။ သို့မှသာ သဘောထားကွဲပြားမှုရှိသော ကိစ္စရပ်များကို နောင်ခါလာ-နောင်ခါစျေး ဖြေရှင်းရန် အတွက် ရွှေ့ဆိုင်းခြင်း မဟုတ်ပဲ သက်ဆိုင်သူအားလုံးအတွက် လက်တွေ့ကျသော၊ အာမခံချက်ရှိသော တိုးတက်ပြောင်းလဲမှုများကို အကောင်အထည်ဖော် နိုင်မည်ဖြစ်သည်။

**တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှု၏ အကန့်အသတ်များနှင့် ပေါ်ပေါက်နိုင်သောအားနည်းချက်များ**

တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှုတွင် အားနည်းချက်၊ အကန့်အသတ်များ ရှိပါသည်။ နိုင်ငံရေးဆွေးနွေးမှု များကို အနာဂတ်သို့ ရွှေ့ဆိုင်းရန် အစီအမံများပြုလုပ်ရာတွင် လိုအပ်ချက်ရှိပါက ရေရှည်တွင် မလိုလားအပ်သော တင်းမာမှုများ၊ ပဋိပက္ခများ ပေါ်ပေါက်လာနိုင်ပါသည်။ အခြေခံအခွင့်အရေးများ ထိခိုက်ခံရနိုင်ခြင်း၊ ယာယီအားဖြင့် ထားရှိခဲ့သော အစီအမံများမှာ ပြောင်းလွယ်ပြင်လွယ်မရှိပဲ မျှော်မှန်းသည်ထက် ပိုမိုသက်ဆိုးရှည်နိုင်ခြင်း နှင့် ဥပဒေပြုရေးမဏ္ဍိုင် နှင့် တရားစီရင်မဏ္ဍိုင်များအကြားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ၏ အနက်အဓိပ္ပာယ်နှင့် ပတ်သက်၍ သဘောတူညီချက် မရနိုင်ခြင်း အစရှိသည်တို့သည် ရေရှည်တွင် ပြဿနာ ပေါ်ပေါက်လာနိုင်သော ကိစ္စရပ်များ ဖြစ်သည်ဟု Hanna Lerner ကဆိုပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့် incrementalist ချဉ်းကပ်မှုကို အသုံးချသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အလွန်အရေးကြီးသော ကဏ္ဍဖြစ်သည့် နိုင်ငံသားတို့၏လွတ်လပ်ခွင့်နှင့် အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းကို မျက်ကွယ်မပြုမိစေရန် အထူးဂရုပြုရန် လိုအပ်ပါသည်။ အထူးသဖြင့် ဘာသာရေးနှင့် ပတ်သက်သော လိုလားချက်များနှင့်စပ်လျဉ်း၍ သဘောတူညီမှုမရသဖြင့် အနာဂတ်သို့ရွှေ့ဆိုင်းခြင်းသည် အနာဂတ်တွင် အခြေခံအခွင့်အရေးများ

(အထူးသဖြင့် မတူကွဲပြားသော အုပ်စုဝင်များ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလွတ်လပ်ခွင့်များကို) ကို ထိခိုက်နိုင်သည့် အလားအလာရှိ လာနိုင်ပါသည်။

နောက်ထပ် အားနည်းချက်တစ်ခုမှာ ဖွဲ့စည်းပုံအတွင်း အက္ခရာတင်မထားပဲ ယာယီဟုသာ သဘောတူခဲ့ကြသော အစီအမံများသည် ထင်သည်ထက်ပို၍ ကြာရှည်တည်ရှိ နေခြင်းမျိုး ဖြစ်သွားနိုင်ပါသည်။ ယာယီအနေဖြင့် ထားရှိခဲ့ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဆိုင်ရာ အလွတ်သဘော အစီအမံများ၊ ပြဋ္ဌာန်းဥပဒေအနေဖြင့်ထားရှိခဲ့သော အစီအမံများမှာ လက်တွေ့တွင် မျှော်လင့်သည်ထက် ပိုမိုကြာမြင့်စွာ တည်ရှိနေနိုင်သလို၊ ပြင်ဆင်ပြောင်းလဲ ပိုမိုခက်ခဲလာခြင်းမျိုးလည်း ဖြစ်ပေါ်လာ တတ်ပါသည်။ အကျိုးဆက် အနေဖြင့် အချိန်နှင့်တပြေးညီ တိုးတက် ဖြစ်ထွန်းလာမည်ဟု ယူဆခဲ့သော အခြေခံတန်ဖိုးနှုန်းစံများ လက်တွေ့ကျကျ အကောင်အထည်ပေါ် လာရန် နှောင့်နှေးနေတတ်ပြီး အကောင်းဆုံးအခြေအနေမဟုတ်သည့် ရှဉ့်လည်းလျှောက်သာ အစီအမံများသည် သက်ဆိုးရှည်နိုင်တတ် ပါသည်။

တတိယအားနည်းချက်မှာ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များအကြားတွင် ဖြစ်ပေါ်လာတတ်သော တင်းမာမှုများနှင့် သက်ဆိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများသည် သဘောတူညီမှုမရရှိနိုင်သော အခြေခံအကျဆုံးပြဋ္ဌာန်းချက်များနှင့် ပတ်သက်လာလျှင် အထက်တွင်ဖော်ပြခဲ့သလို အနာဂတ်သို့ရွှေ့ဆိုင်းခြင်း ပြုလုပ်နိုင်သလို ဖွဲ့စည်းပုံအတွင်းတွင် အဓိပ္ပာယ်ကွဲပြားနိုင်သော ရှင်းလင်းပြတ်သားမှုမရှိသော ပြဋ္ဌာန်းချက်များထားရှိခဲ့နိုင်သည်ဟု Incrementalist ချဉ်းကပ်မှုမှ အကြံပြု ထားပါသည်။ ထိုသို့ မရှင်းမလင်း ပြုလုပ်ထားသော ပြဋ္ဌာန်းချက်များသည် နောင်အချိန်တွင် ဥပဒေပြုရေးနှင့် တရားရေး မဏ္ဍိုင်(အထူးသဖြင့် ယင်း မဏ္ဍိုင်၏ ဥသျှောင်ဖြစ်သော ပြည်ထောင်စု တရားလွှတ်တော်ချုပ် Supreme Court) အကြားတွင် ပွတ်တိုက်မှုများဖြစ်လာနိုင်သည်ဟု Hanna Lerner ကဆိုသည်။ ဤအားနည်းချက်မှာ ပထမဆုံးဆွေးနွေးခဲ့သည့် အားနည်းချက်နှင့် သက်ဆိုင်နေပါသည်။ ထိုကဲ့သို့ပွတ်တိုက်မှုများသည် ပြည်သူများ၏ အခြေခံအခွင့်အရေးများနှင့် စပ်လျဉ်း၍ အနက်ဖွင့်ဆိုရာတွင် မဏ္ဍိုင်နှစ်ခုအကြား အာဏာ

လွန်ဆွဲမှု ဖြစ်ပေါ်တတ်ခြင်းကြောင့်ဖြစ်သည်။ တရားရေး မဏ္ဍိုင်၏ အဓိက တာဝန်ဝတ္တရားများမှာ ပြည်သူလူထု၏ အခြေခံအခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် နိုင်ငံတော်၏ အခြား မဏ္ဍိုင်နှစ်ခု၏ အာဏာများကို စောင့်ကြည့်ထိန်းညှိပေးရန် ဖြစ်သည်။ တစ်ဖက်တွင်လည်း ဥပဒေပြုရေး မဏ္ဍိုင်သည် ရွေးကောက်တင်မြှောက်ခံ ယန္တရား တစ်ရပ် ဖြစ်ပြီး ပြည်သူ့လူထုကို ကိုယ်စား ပြုသော အဖွဲ့အစည်း တစ်ရပ်လည်းဖြစ်ရာ ၎င်းတို့တာဝန်ခံထားသော ပြည်သူလူထု၏လိုလားချက်များနှင့် အကျိုးစီးပွားများကို ကိုယ်စားပြုနေပါသည်။ ထို့အပြင် ၎င်းတို့သည် ဆုံးဖြတ်ရန် ရွေ့ဆိုင်းထားသော အကြောင်းအရာများနှင့် ပတ်သက်၍ နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်ရန် တာဝန်ရှိသောမဏ္ဍိုင် သို့မဟုတ် ဗဟိုချက်လည်းဖြစ်နေတတ်ရာ ဖွဲ့စည်းပုံတွင် ရှင်းလင်းစွာ ဖေါ်ပြမထားသော အခြေခံလူ့အခွင့်အရေးများ စံနှုန်းများနှင့် ပါတ်သက်၍ ဥပဒေပြုရေးမဏ္ဍိုင်မှ ဥပဒေရေးဆွဲပြဌာန်း၍အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် တရားစီရင်ရေးမဏ္ဍိုင် မှ စီရင်ထုံးပြု၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု တို့အား တခါတရံ ပွတ်တိုက်မှုသဖွယ် ပေါ်ပေါက်လာနိုင်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် လိင်စိတ်ခံယူမှုကွဲပြားသူများနှင့်ပက်သက်၍ လိင်တူလက်ထပ်မှုကို ခွင့်ပြုခြင်းရှိမရှိ ကိုဖွဲ့စည်းပုံအခြေခံဥပဒေမှ နိုင်ငံသားအခွင့်အရေးစံနှုန်းတွင် တိကျစွာဖော်ပြမထားသော်လည်း ရှိရင်းစွဲရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၇ အရ ပြစ်မှုအဖြစ်သတ်မှတ်ပြီး လိင်တူလက်ထပ်ခြင်းကိုတားမြစ်ထားသည်။ သို့သော် တပြိုင်နက်တည်းတွင်လည်း အိန္ဒိယ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကမူ လိင်တူလက်ထပ်မှုသည် ပြစ်မှုမမြောက်ကြောင်းစီရင်ထုံးပြု၍ ခွင့်ပြုထားသဖြင့် အခြေခံအကျဆုံး လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်နှစ်ခုအကြား သဘောထားကွဲလွဲမှုဖြစ်ပေါ်စေခဲ့သည်။ သို့သော် ၎င်းကဲ့သို့ပွတ်တိုက်နိုင်ခြေမှာ တရားစီရင်ရေးမဏ္ဍိုင်မှ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တရားစီရင်ရေးအာဏာကို မည်သည့်အတိုင်းအတာအထိ လွတ်လပ်စွာကျင့်သုံးသနည်းဆိုသည့်အပေါ် မူတည်နေသည်ဟု Hanna Lerner ကဆိုသည်။

**၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဖြစ်စဉ်နှင့် အထွေထွေပြဿနာများ**

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ယင်းဖွဲ့စည်းပုံရေးဆွဲရေးကာလအတွင်း မတူညီသော အုပ်စုများအကြား ပေါ်ပေါက်ခဲ့သည့် အငြင်းပွားဖွယ်ကိစ္စအချို့နှင့် ၎င်းကိစ္စရပ်များကို ထိုစဉ်ကရှိခဲ့သည့် ကန့်သတ်ချက် အရှိတရားများကြားမှ မည်သို့ကိုင်တွယ်ဖြေရှင်းခဲ့ကြသနည်းဆိုသည်ကို လေ့လာမည်ဖြစ်သည်။

## နောက်ခံသမိုင်း

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိုစဉ်က လူထုထောက်ခံမှုအများဆုံးလည်းဖြစ်၊ နိုင်ငံရေးအင်အားစုများစွာလည်း ပါဝင်ဖွဲ့စည်းထားသော ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ) မှ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဖဆပလတွင် နဂိုမူလအနေဖြင့် အဖွဲ့အစည်း ၃ ခု အဓိကပါဝင်သည်။ ၎င်းတို့မှာ ပြည်သူ့ရဲဘော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) နှင့် ပြည်သူ့အရေးတော်ပုံပါတီတို့ဖြစ်သည်။ သို့ရာတွင် ဖွဲ့စည်းပုံရေးဆွဲရေးဖြစ်စဉ်စမတိုင်မီ ၁၉၄၆ အောက်တိုဘာကပင် ဗကပကို ဖဆပလမှ ထုတ်ပယ်ပြီးဖြစ်သည်။ ထို ဖဆပလ-ဗကပ ပဋိပက္ခမှ အနာဂါတ်အတွက်လမ်းစဉ် ၂ ရပ်ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာ အင်္ဂလိပ်နှင့်လည်းပေါင်းမည်၊ တိုက်လည်းတိုက်မည် ဆိုသည့်နည်းဖြင့် လွတ်လပ်ရေးရယူမည်ဟူသည့် ဖဆပလ၏ လမ်းစဉ်နှင့် လက်နက်ကိုင်တိုက်ပွဲကိုဆက်လက်ဆင်နွှဲပြီး လွတ်လပ်ရေးကို တိုက်ယူမည်ဟု သန္နိဋ္ဌာန် ချထားသည့် ဗကပ၏လမ်းစဉ်ဟူ၍ ကွဲပြားခဲ့သည်။ ထိုသို့ အကွဲအလွဲများ ရှိနေလင့်ကစား တစ်နှစ်အတွင်း လွတ်လပ်ရေး ပေးရမည်ဟူသော ဖဆပလ၏ တောင်းဆိုချက်ကို ဗကပမှ ထောက်ခံခဲ့သည်။

၁၉၄၆ ဒီဇင်ဘာ ၂၀ တွင် ဗြိတိန်နန်းရင်းဝန်အက်တလီနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ဆွေးနွေးမှုမှ အခြေခံသဘောတူညီချက်တခုရရှိခဲ့သည် ယင်းသဘောတူညီချက်၏နောက်ဆက်တွဲအနေဖြင့် “ဓနသဟာယနယ်အတွင်း မနေလိုကခွဲထွက်နိုင်သည်၊ ဗမာပြည်သူများသည် ၎င်းတို့ဆန္ဒအလိုက် သူတို့နောင်ရေးကိုဆုံးဖြတ်စေရပါမည်” ဟူ၍ အက်တလီက ပါလီမန်အောက်လွှတ်တော်မှာ ကြေညာခဲ့ရသည်။

ထို့နောက် ဇန်နဝါရီလ ၁၀ရက်မှ မှ ၂၇ရက်နေ့အတွင်း ဆွေးနွေးပွဲ ၁၀ ကြိမ် ပြုလုပ်ခဲ့ပြီး နောက်တွင် အောက်ဆန်း-အက်တလီ စာချုပ် (Aung San - Attlee Agreement) ကို ချုပ်ဆိုနိုင်ခဲ့သည်။ အခြေခံသဘောတူညီချက်များမှာ လက်ရှိအမှုဆောင်ကောင်စီကို ကြားဖြတ်အစိုးရအဖြစ်အသိအမှတ်ပြုရန်၊ လွတ်လပ်ရေးပေးရန်၊ တိုင်းပြုပြည်ပြုလွှတ်တော်ခေါ် ပြီး ဗြိတိန်ပါလီမန်မှာအတည်ပြုရန် စသည်တို့ဖြစ်ကြသည် (Aung San-Atlee Agreement, 1947)။

စာချုပ်အရ ဗမာပြည်၏ ပထမဦးဆုံး တိုင်းပြုပြည်ပြုရွေးကောက်ပွဲကို ၁၉၄၇ ဧပြီလတွင် ကျင်းပခဲ့သည်။ လွှတ်တော်အမတ် ၂၅၅ နေရာကို ပြည်မအတွက် ၁၈၂ နေရာနှင့် တိုင်းရင်းသားများ[4]အတွက် ၇၃) နေရာဟူ၍ ခွဲခြားထားသည်။ ဖဆပလက ပြည်မ ၁၈၂ နေရာအနက် ၁၇၁ နေရာအနိုင်ရပြီး၊ ဗကပက ၇ နေရာအနိုင်ရကာ၊ တသီးပုဂ္ဂလကိုယ်စားလှယ် ၄ ဦးအနိုင်ရသည်။ ဤသို့ဖြင့်တိုင်းပြုပြည်ပြုလွှတ်တော်ကို ဇွန်လ ၉ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဇွန်လ ၁၆ တွင် ဗိုလ်ချုပ်အောင်ဆန်းကတင်သွင်းပြီး လွှတ်တော်က အတည်ပြုခဲ့သည်။ ဇွန် ၁၈ရက်တွင် ဗြိတိသျှဓနသဟာရအတွင်းမနေဘဲ သီးခြားနိုင်ငံတော်အဖြစ်ထူထောင်ရန် လွှတ်တော်တွင် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။

၁၉၄၇ စက်တင်ဘာ ၂၄ ရက်နေ့တွင်ဥက္ကဋ္ဌစဝ်ရွှေသိုက်မှ လက်မှတ်ရေးထိုးပြီး ဗမာပြည်ရဲ့ပထမဆုံး ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေထွက်လာခဲ့သည်။ ဇွန်လ ၉ရက်နေ့မှ စတင်ရေတွက်လျှင် ရက်ပေါင်း ၁၀၈ ရက်အတွင်း ညီလာခံ (၃) ကြိမ်ခေါ် ပြီး ပြီးစီးအောင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

# ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော်မှ သဘောထားကွဲပြားမှုများ

## ပြည်ထောင်စုနှင့် တပြည်ထောင်ပြဿနာ

လွတ်လပ်ရေးရယူမည့် ဗမာနိုင်ငံတော်သည် ပြည်ထောင်စုအနေဖြင့်သွားမည်လား၊ တပြည်ထောင်အနေဖြင့် သွားမည်လားဆိုသည့် သဘောထားဆန္ဒကွဲပြားမှုရှိခဲ့သည်။ ထိုစဉ်က ဖဆပလခေါင်းဆောင်တဦးဖြစ်သူ

[4] ကရင် (၂၄) နေရာ၊ ရှမ်း (၂၃)၊ ကချင် (၇)၊ ချင်း (၇)၊ ကရင်နီ (၂)၊ တခြားတောင်တန်းဒေသတိုင်းရင်းသားများ (၆) နှင့် အင်္ဂလိပ်ဗမာ ကပြားများ (၄) နေရာ စုစုပေါင်း (၇၃) နေရာကို ရည်ညွှန်းခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို ပြန်လည်လေ့လာရာတွင်လည်း ဝိဝါဒကွဲလွဲမှုများရှိနေ ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ၁၉၄၇ မေလ၁၉ မှ ၂၃ အထိ ဂျူဗလီဟောတွင် ကျင်းပခဲ့သော ဖဆပလ အဖွဲ့ချုပ်မှ ကျင်းပသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးပဏာမညီလာခံတွင် “ကျွန်တော်တို့ ဗမာပြည်သစ်ကြီးကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား၊ လူမျိုးကြီးတမျိုးတည်းဆိုတဲ့ Unitary State တည်ထောင်မလားဆိုတဲ့မေးခွန်းကိုဖြေလိုတယ်၊ ကျွန်တော့်အမြင်အရဆိုရင်တော့ အထက်ကလူမျိုးရေးအရ အခွင့်အရေးမျိုးတွေကိုစည်းကမ်းသတ်မှတ်ပြီးတော့ Unitary State လူမျိုးကြီးတမျိုးထဲဆိုတဲ့ နိုင်ငံမျိုးတည်ထောင်လို့ မဖြစ်ဘူး” ဟုမိန့်ခွန်းပြောကြားခဲ့သည်ကိုတွေ့ရသည် (ရှေ့နေများကောင်စီ၊ ၁၉၉၅)။

သို့သော် ဦးဖေခင်၏ ကိုယ်တွေ့ပင်လုံစာအုပ်တွင်မူ “ဗိုလ်ချုပ်မြင်လိုသော လွတ်လပ်သည့်မြန်မာနိုင်ငံမှာ လူဦးရေ သန်း (၅၀) လောက်ဖြင့် ကမ္ဘာ့အလယ်တွင် ထည်ဝါခန့်ညား အများလေးစားလောက်သည့် အင်အားတောင့်တင်းသော တစ်ပြည်ထောင်စနစ် (Unitary State) ခေါ် နိုင်ငံမျိုးဖြစ်ပါသည်” ဟူ၍ ရေးသားဖေါ်ပြထားပါသည် (ဦးဖေခင်၊ ၁၉၉၀) ။ ထို့အပြင် ဗိုလ်ချုပ်က ခွဲထွက်ရေးကို မလိုလားခဲ့ကြောင်း၊ တစ်ပြည်ထောင်စနစ်နိုင်ငံမျိုး ဖြစ်ပေါ်လာရန် အချိန်ကာလ အတော်ကြာအောင် စောင့်ရဦးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒုတိယအကောင်းဆုံးဖြစ်သော “ပြည်ထောင်စု”တစ်ခု ဖြစ်ပေါ်လာရေးကိုသာ အကောင်အထည်ဖေါ်ခြင်း ဖြစ်ကြောင်း” ဖော်ပြထားသည် (ဦးဖေခင်၊ ၁၉၉၀)။

ဖဆပလပဏာမပြင်ဆင်မှုညီလာခံ နောက်ဆက်တွဲ (၁၃) တွင်မူ ‘ပြည်ထောင်စုနိုင်ငံ (Federal State)’ ဟု တိုက်ရိုက်ဖော်ပြထားသော်လည်း ထိုအပိုင်းတွင်ပြည်ထောင်စုနှင့် ပြည်နယ်ကြားအာဏာခွဲဝေပုံကိုလိုက်၍ ကြွင်းကျန်အာဏာကို ပြည်နယ်ကိုအပ်နှင်းသောစနစ်နှင့် ပြည်ထောင်စုကိုအပ်နှင်းသောစနစ်ရှိသည်ဟူ စနစ်နှစ်မျိုးကိုဖော်ပြထားသည်။ ပြည်နယ်ကိုအပ်နှင်းပါက ပီပြင်သောပြည်ထောင်စုစနစ်ဖြစ်ပြီး၊ ပြည်ထောင်စုကိုအပ်နှင်းပါက တစ်ပြည်ထောင်စနစ်သို့ယိမ်းသော ပြည်ထောင်စုဖြစ်မည်ဟုဖော်ပြထားသည် (ဖဆပလ၊ ၁၉၄၇)။ သို့သော် မည်သည်ကိုသွားမည်ကို ရှင်းလင်းစွာမဖော်ပြထားချေ။

ထိုအချိန်က ဖွဲ့စည်းပုံရေးဆွဲရေးအကြံပေးဖြစ်သူ ဦးချန်ထွန်းကလည်း ၁၉၄၇ တိုင်းပြုပြည်ပြုညီလာခံတွင် ပြည်ထောင်စုပုံစံ သုံးမျိုးကိုတင်ပြခဲ့သည်။ ယင်းတို့မှာ ပြည်ထောင်စုတချို့တဝက်သာပါသည့် ပြည်ထောင်စုပုံစံစနစ် (Quasi Federal System)၊ ပြည်နယ်များပိုအာဏာရသည့် ဖက်ဒရယ်ပုံစံ (Confederation) နှင့် အခြေခံဥပဒေမှာပြဋ္ဌာန်းထားသည့်အတိုင်း ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်များအာဏာကျင့်သုံးသည့်ပုံစံ (Federal System) ဟုဖော်ပြထားသည် (တက္ကသိုလ်မြတ်သူ၊ ခုနှစ်)။ သို့ရာတွင် မည်သည့်စနစ်မျိုးသွားမည်ကို ညီလာခံမှ အတိအကျဆုံးဖြတ်ခြင်းမျိုးမရှိခဲ့ပေ။

ထိုမှ့သာမက ဤကနဦးဖွဲ့စည်းပုံမူကြမ်း အခန်း (၅)၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(၂၃)တွင် " "ပြည်ထောင်စု ပြည်နယ်" သို့မဟုတ် "ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်" သို့မဟုတ် "လူမျိုးစု ပြည်နယ်" တို့၏ ဥပဒေပြုအဖွဲ့များအား နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သီးခြားလွှဲပြောင်းစီစဉ် ရေတွက်ပေးထားသော ကိစ္စအမျိုးအစားများထဲတွင် ထုတ်ဘော်(ဖော်)ဆိုမထားသည့် ကိစ္စအမျိုးအစားများ" ဟူ၍ ပါရှိပါသည် (ဖဆပလ၊ ၁၉၄၇)။ ဆိုလိုသည့်သဘောမှာ ကြွင်းကျန်အာဏာကို ပြည်ထောင်စုအစိုးရသို့ ပေးအပ်ထားခြင်းဖြစ်ပါသည်။ ထိုပြဌာန်းချက်သည် နိုင်ငံဖွဲ့စည်းပုံတည်ဆောက်သည့် ပုံစံအား တပြည်ထောင်စနစ်မျိုးဖြစ်လာစေသည်။ မူကြမ်းပါ ထိုအချက်သည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုလိုက်သည့် အခါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၏ တတိယဇယား စာရင်း (၁) ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်း အပိုဒ် (၅) အပိုဒ်ခွဲ (၄၀) တွင် စာရင်း (၂) တွင် 'ဖော်ပြထားခြင်းမရှိသော အခြားကိစ္စများ' ဟူ၍ ကြွင်းကျန်အာဏာများကို ပြည်ထောင်စုအစိုးရသို့ ပေးအပ်ခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံသော မြန်မာနိုင်ငံသည် တပြည်ထောင်ဆန်သည့် နိုင်ငံမျိုး ဖြစ်လာသည်။

## လူမျိုးစုလွှတ်တော်အရေးအတွက်ပြဿနာ

ဖဆပလအခြေခံဥပဒေမူကြမ်း အခန်း ဖဆပလ အခန်း ၅ ပြည်ထောင်စုဥပဒေပြုအဖွဲ့ ပြည်သူ့လွှတ်တော်အပိုင် ပြည်သူ့လွှတ်တော်၊ ပုဒ်မ (၆-၂) အခန်းတွင် ပြည်သူ့လွှတ်တော်အမတ်ဦးရေစုစုပေါင်းကို "လူဦးရေ ၇၅၀၀၀ လျှင်အမတ်တဦးကျဖြင့်တွက်၍

ရသောအမတ်ဦးရေအောက်လျော့၍ဖြစ်စေ၊ လူဦးရေ ၃၀၀၀၀ လျှင်အမတ်တဦးကျဖြင့်တွက်၍ ရသောအမတ်ဦးရေစုစုပေါင်းထက် ပို၍ဖြစ်စေမသတ်မှတ်ရ” ဟုဖော်ပြထားပြီး အရေအတွက်အရအတိအကျမပြဋ္ဌာန်းထားပေ။ လူမျိုးစုလွှတ်တော်အမတ်ဦးရေကို ပုဒ်မ (၁၀) တွင် (၁၆၀) ဦးဟု အတိအကျသတ်မှတ်ထားပါသည်။

၁၉၄၇ ဖွဲ့စည်းပုံဥပဒေအတည်ဖြစ်လာသည့်အခါတွင် ပုဒ်မ (၈၃-၂) တွင် ‘ပြည်သူ့လွှတ်တော်အမတ်ဦးရေသည် လူမျိုးစုလွှတ်တော်အမတ်ဦးရေ၏ နှစ်ဆနီးနီးဖြစ်နိုင်သမျှဖြစ်စေရမည်” ဟုပြဋ္ဌာန်းထားပြီး လူမျိုးစုလွှတ်တော်အမတ်ဦးရေကိုလည်း ပုဒ်မ ၈၇ တွင် ၁၂၅ နေရာအထိလျှော့ချထားသည်ကိုတွေ့ရှိရသည်။

## ခွဲထွက်ခွင့်ဆိုင်ရာပြဿနာ

ပြည်နယ်များ၏ခွဲထွက်ခွင့်နှင့်ပတ်သက်၍ ဖဆပလမှတင်သွင်းသောအခြေခံဥပဒေမူကြမ်းတွင် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပေ။ ထိုမူကြမ်းတွင် ပြည်နယ်များကို ပြည်ထောင်စုပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်နှင့် လူမျိုးစုပြည်နယ်ဟူ၍ (၃) မျိုးသတ်မှတ်ထားပြီး အခန်း (၁၂) ခွဲထွက်နိုင်သောအခွင့်အရေးအပိုဒ် (၁) တွင် ပြည်ထောင်စုပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်များကိုသာ ခွဲထွက်ခွင့်ပေးမည်ဟု ဖော်ပြထားသည်။ နောက်ဆက်တွဲ ၁၄ရှိ ခွဲထွက်ခွင့် (Rights of secession) အခန်း တွင်လည်း “စည်းလုံးညီညွတ်သော နိုင်ငံတည်ထောင်၍ အကျိုးတူကိစ္စရပ်များကိုစုပေါင်းဆောင်ရွက်ခြင်းအတွက် ပြည်နယ်များကအဆုံးအဖြတ်ပြု၍ စုစည်းကြခြင်းဖြစ်ရာ ပြည်ထောင်စုနိုင်ငံ၌ စုစည်းခြင်း၏အကျိုးများလက်လွတ်ဆုံးရှုံးပြီး အထီးကျန်ဘဝသို့ကျရောက်စေသည့် ခွဲထွက်ခြင်းကို စဉ်းစားခြင်းမရှိပေ ”ဟုဖော်ပြထားသည်။

## ပြည်နယ်ပြဿနာ

လူမျိုးစုပြည်နယ်များဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုအနေဖြင့်ချဉ်းကပ်ပါက အခြားတိုင်းများဖြစ်သည့် ကချင်၊ ရှမ်းတို့ကဲ့သို့ ဗမာအများစုနေထိုင်သည့် ဒေသများကို ဗမာပြည်နယ်အဖြစ်

ဖွဲ့စည်းရမည်ဖြစ်သော်လည်း ဖွဲ့စည်းပုံရေးဆွဲရေးအကြံပေးဖြစ်သူ ဦးချန်ထွန်းက ဗမာပြည်မကို ပြည်နယ်တပြည်အနေဖြင့်မဖွဲ့စည်းဘဲ ပြည်ထောင်စုအစိုးရနှင့် ပေါင်းစပ်ဖွဲ့စည်းခဲ့သည်။ အကျိုးဆက်အနေဖြင့် ဗမာ တို့သည် ဗဟိုပြည်ထောင်စုအစိုးရအထိုင်ဖြင့် အာဏာများစွာရယူခဲ့ခြင်းဖြစ်သည်။ ၁၉၄၇ ဖွဲ့စည်းပုံရှိ လူမျိုးစုလွှတ်တော်မှ လွှတ်တော်အမတ်နေရာ ၁၂၅ ခုတွင် ရှမ်း ၂၅ နေရာ၊ ကချင် ၁၂ နေရာ၊ ချင်း ၈ နေရာ၊ ကရင်နီ ၃ နေရာ၊ ကရင် ၂၄ နေရာ နှင့် ကျန်နယ် ၅၃ နေရာ ဟူဖြစ်လာရာ ကျန် ၅၃ နေရာကို ဗမာက လွှမ်းမိုးထားသည့် သဘောမျိုး ဖြစ်လာသည်။ ဆိုလိုသည်မှာ လူမျိုးစုလွှတ်တော်အတွင်းတွင် ၁၂၅ နေရာတွင် ဗမာ ၅၃ နေရာအထိယူလာခြင်းဖြစ်သည်။

## တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် နည်းလမ်းအသွင်ဆောင်သည့် ဆွေးနွေးမှုများ

### ခွဲထွက်ခွင့်ဆိုင်ရာပြဿနာ

ခွဲထွက်ခွင့်ဆိုင်ရာ ကိစ္စရပ်များသည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲစဉ်ကာလမှပင် ပါဝင် ခဲ့ပြီး ယင်း ဖွဲ့စည်းပုံအခြေခံပုံအခြေခံဥပဒေ၏ အခန်း (၁၀)၊ ပုဒ်မ ၂၀၁ တွင် ပြည်နယ်များအနေဖြင့် ပြည်ထောင်စုမှ ခွဲထွက်နိုင်သည့်အခွင့်အရေးကို အာမခံချက် ပေးထားပါသည်။ ထိုသို့ ခွဲထွက်ခွင့်ပေးရာတွင်လည်း ယနေ့ခေတ်ကာလရှိ ပြည်နယ်များအားလုံး တပြေးညီတည်း မဟုတ်ပေ။ လူမျိုးစုပြည်နယ်ဟုသတ်မှတ်ထားသည့် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့သာ ၎င်းအခွင့်အရေးရှိသည်။ ၎င်းအပြင် ပြည်နယ်များမှ မိမိတို့ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်ကို ထည့်သွင်းပြဌာန်းခြင်းမရှိပေ။ သို့သော် ပြည်နယ်ဆိုင်ရာ (အထူးသဖြင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကော်သူးလေ၊ ကရင်နီပြည်နယ်၊ ချင်းဝိသေသတိုင်း) စီမံခန့်ခွဲရေးကိစ္စများကို အခန်း (၉) တွင်ထည့်သွင်းထားသည်။ ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း စာချုပ်ပါကတိကဝတ်များကို အာမခံရန်နှင့် ထိုအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အားနည်းခဲ့သည်ရှိသော် ပြန်လည်သုံးသပ်နိုင်ရန်အလို့ငှာ ထည့်သွင်းပြဌာန်းခြင်းဖြစ်ပြီး ပြည်နယ်များမှ ထိုအခွင့်အရေးကို ၁၀နှစ်အတွင်း မသုံးစွဲနိုင်ရန်နှင့် ၁၀ နှစ်ကျော်မှသာ ဆွေးနွေးကြရန် ပြဌာန်းထားပါသည်။ ယင်းသည် ပြည်ထောင်စုတ

ည်ဆောက်ရေးပုံစံအပြောင်းပွားမှုအား ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းမှ ဖြေရှင်းခြင်းမပြုပဲ ၁၀ နှစ်ကြာမှ နိုင်ငံရေး ဆွေးနွေးမှုလမ်းကြောင်းမှ ဖြေရှင်းရန် ရွှေ့ဆိုင်းသည့် ပြဌာန်းချက်မျိုးလည်း ဖြစ်ပါသည်။

**အသွင်ကူပြောင်းရေးကာလ ပြဌာန်းချက်များ**

အသွင်ကူးပြောင်းရေးကာလပြဌာန်းချက်များတွင်လည်း နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ထားသည့် လက်ရှိတည်ဆဲ စနစ်မှ အခြားဖွဲ့စည်းတည်ဆောက်ပုံ စနစ်သစ်တစ်ခုသို့ကူးပြောင်းရာတွင် လုပ်ထုံးလုပ်နည်း (Procedural) အခက်အခဲအချို့ ပေါ်ပေါက် တတ်ပါသည်။ သဘောထားကွဲလွဲမှုများရှိသည့် ကိစ္စရပ်များ မဟုတ်သည့်တိုင် ကြိုတင်ခန့်မှန်းရ ခက်ခဲသည့် ၎င်း အခက်အခဲများအတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းတွင် တပါတည်း သတ်မှတ်ပြဌာန်းခြင်း မပြုတော့ပဲ အနာဂါတ်နိုင်ငံရေးအခင်းအကျင်း (ပါလီမန်မူဘောင်) သို့ လွှဲပြောင်းသည့် သဘာတရားကို ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀တွင် တွေ့ရှိနိုင်သည်။ ၎င်း ပုဒ်မအရ ကြိုတင် မသိမြင်နိုင်သည့် အခက်အခဲများကိုကျော်လွှားရန် အစီအမံများအား အတည်ပြုခွင့်အာဏာကို လွှတ်တော်နှစ်ရပ်သို့ပေးအပ်ထားသည်။

ထို့အပြင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ကို မြန်မာဘာသာစကားဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာ စကားဖြင့်လည်းကောင်း စာမူနှစ်ခု ထားရှိပြီး ထိုစာမူများကို တရားလွှတ်တော်ချုပ်၏ အတွင်းဝန်ရုံးတွင် မော်ကွန်းတင်ထားရှိပါသည်။ ရည်ရွယ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်များ၊ စကားရပ်များကို အနက်ဖွင့်ဆိုရာတွင် ထိုစာမူနှစ်ခုလုံး (တနည်းအားဖြင့် မြန်မာစာမူ၊ အင်္ဂလိပ်စာမူ နှစ်ခုလုံး) ကို အသုံးပြုနိုင်ရန်ဖြစ်သည်။ ယင်းကို ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၇ တွင် လေ့လာနိုင်သည်။ ဆိုလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူ (Edition) များကို မြန်မာဘာသာ စကားဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်လည်း တရားဝင်သုံးစွဲနိုင်ကြောင်းပြဌာန်းချက်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များ၊ စကားစုများ၊ စကားလုံးတစ်လုံးချင်းစီ၏ အနက်ဖွင့်ဆိုမှုများကို မူရင်းမြန်မာစာ(တနည်းဗမာစာ) ဖြင့် အနက် အဓိပ္ပါယ် ဖွင့်ဆို၍ အဆင်မပြေပါက သို့မဟုတ် ဝိဝါဒ

ကွဲပြားပါက အင်္ဂလိပ်ဘာသာစကားကို ကိုးကားအသုံးပြုနိုင်ရန် ဖြစ်သည်။ ဥပမာအားဖြင့် တရားဥပဒေစိုးမိုးရေး (Rule of Law) ဟူသည့်စကားရပ်ကို မြန်မာစကားဖြင့် ပြည့်စုံလုံလောက်အောင် အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲပါက သို့မဟုတ် ဝိဝါဒ ကွဲပြားပါက ယင်းစကားရပ်၏ အဓိပ္ပါယ်ကို အခြားနိုင်ငံတကာစံနှုန်းများက မည်ကဲ့ ထုံးဖွဲ့ကြောင်း ကိုးကားအသုံးပြုနိုင်ခွင့် ပေးခြင်းမျိုး ဖြစ်သည်။ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်နည်းဖြင့်ချဉ်းကပ်ရာတွင် မည်သည့် ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုမည်ဟူသောစဉ်းစားချက်မျိုးအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ဘာသာစကားတစ်ခုတည်း (မြန်မာဘာသာ) ပေါ်တွင်သာ အခြေမခံပဲ အင်္ဂလိပ်မူကိုပါ အသုံးပြုစေခြင်းသည်လည်း အငြင်းပွားဖွယ်ရာ ပြဋ္ဌာန်းချက်များကို အနာဂါတ်တွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံရေးအခင်းအကျင်းများ၊ ဆွေးနွေးမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အနက်ဖွင့်ဆိုမှုများ ပြုလုပ်နိုင်ရန် အခွင့်အရေးပေးခဲ့ခြင်းဖြစ်သည်။ ဤသည်ပင် ၁၉၄၇ အခြေခံဥပဒေရေးဆွဲသူများ၏ တဖြည်းဖြည်းခြင်းပြောင်းလဲမှုဝါဒ သဘောဆောင်သော အမျှော်အမြင်ဖြစ်သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သဘောထားကွဲလွဲမှုများအား တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒ (Incrementalism) ရှုထောင့်မှ လေ့လာပါက အိန္ဒိယ၊ အိုင်ယာလန်ဥပမာများနှင့်မတူဘဲ များသောအားဖြင့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပါတ်သက်သည့် ပြဿနာများဖြစ်သည်ကို တွေ့ရပါသည်။ အဓိကအားဖြင့်ဆိုလျှင် ကြွင်းကျန်အာဏာပြဿနာ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော် လွှတ်တော်အမတ်အရေအတွက်ပြဿနာများဖြစ်ကြသည်။ ပြည်ထောင်စုအနေဖြင့်သွားမလား၊ တပြည်ထောင်အနေဖြင့်သွားမလား ကနဦးကတည်းက အငြင်းပွားမှုများ ရှိနေခဲ့ ပါသည်။ ယင်းကိစ္စရပ်များကို အသေအချာရှင်းလင်းခဲ့ခြင်း မရှိခဲ့သည့် အတွက်ကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအတည်ဖြစ်လာသည့်အခါတွင် ပြည်ထောင်စုနှင့်ပြည်နယ်ကြား အာဏာခွဲဝေရေးပြဿနာများ ၊ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကြား အမတ် အရေအတွက် သတ်မှတ်ရေး ပြဿနာများ ပေါ်ပေါက် လာပြီး ယင်းသည် ခွဲထွက်ရေးပြဿနာ အထိ ဦးတည်သွားစေခဲ့ပါသည်။

ထို့အပြင် ဖဆပလမူကြမ်းအရ ပြည်ထောင်စုပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်၊ လူမျိုးစုပြည်နယ်နှင့် တိုင်းရင်းသားလူနည်းစုဟူ၍ခွဲခြားထားပြီး

"ရှမ်းပြည်နယ်သာပြည်ထောင်စုပြည်နယ်အဆင့်အတန်းရသင့်သည်"

ဟုဗိုလ်ချုပ်အောင်ဆန်းပြောဆိုခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီး တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗမာကိုသာ ပြည်ထောင်စုအစိုးရနယ်အတွင်း ပေါင်းစည်းခဲ့ခြင်းသည်လည်း ပြဿနာဖြစ်ခဲ့သည်။ ဒါ့ကြောင့်ပင် ၁၉၆၁ ရှမ်းဖက်ဒရယ်မူတွင်ဗမာကို ပြည်နယ်အဖြစ်သတ်မှတ်ရန်တောင်းဆိုခဲ့ခြင်းလည်းဖြစ်ပေသည်။

## လက်ရှိမြန်မာနိုင်ငံနှင့် ဆက်စပ်စဉ်းစားစရာများ

ယခုစာတမ်းသည် မြန်မာနိုင်ငံ၏ အနာဂါတ် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အကြပ်အတည်းများအတွက် တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒအား (၉၆)ပါးရောဂါပျောက်ဆေးကဲ့သို့ အညွှန်းတင်လိုခြင်းမဟုတ်ပါ။ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒသည် ပြဿနာအားလုံးအတွက် အဖြေလည်း မဟုတ်နိုင်သလို၊ သက်ဆိုင်ရာအုပ်စုများမှ တာဝန်ရှိသူများက မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေ၊ ကန့်သတ်ချက်များ၊ တစ်ဘက်နှင့် တစ်ဘက် ယုံကြည်မှု အတိုင်းအတာ အစရှိသည့် အရှိတရားများနှင့် ချင့်ချိန်မျှော်မြင်၍ ဖြေရှင်းရမည်သာဖြစ်သည်။ ယခုစာတမ်း၏ရည်ရွယ်ချက်မှာ မြန်မာ့နိုင်ငံရေးတွင်သာမက ကမ္ဘာ့ဖွဲ့စည်းပုံလေ့လာရေးစာပေအသိုက်အဝန်းတွင်ပါ လူပြောမများသေးသည့် ချဉ်းကပ်ပုံတစ်ခုတစ်ခုကို မိတ်ဆက်ပေးရန်နှင့် နည်းလမ်း၏ ကျိုးကြောင်းကောင်းပြစ်များကို တင်ဆက်ရန်ဖြစ်သည်။ တဖက်တွင် ဤစာတမ်းသည် တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒနှင့် ယင်းနှင့်အလားသဏ္ဌာန်တူ ချဉ်းကပ်မှုများကို ဖွဲ့စည်းပုံအခြေခံ ရေးဆွဲသည့် လုပ်ငန်းများတွင် ထည့်သွင်း စဉ်းစားလာကြစေရန် အစပြု ပေးခြင်းသာဖြစ်ပြီး ယင်းအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံဥပဒေ ရေးဆွဲရာတွင် ကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသူများက ဝိုင်းဝန်းအကြံပေး ဆွေးနွေးရန် လိုအပ်ပါသည်။

ဆယ်စုနှစ်ပေါင်းများစွာမှ နိုင်ငံတော်တည်ဆောက်ရေးအတွေ့အကြုံများအရ မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံတည်ဆောက်ရေးဖြစ်စဉ်သည် အဆင်ပြေချောမွေ့နေနိုင်မည်မဟုတ်ပေ။ အချို့သော

ပေါ်လစီများ၊ ကိစ္စရပ်များအပေါ်တွင် သဘောထားကွဲလွဲမှုများ၊ သဘောတူညီချက်မရနိုင်မှုများ ပေါ်ပေါက်နိုင်ပါသည်။ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒကို ထိုသို့သော အခြေအနေမျိုးတွင် စဉ်းစားစရာနည်းလမ်း တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဟု ဆိုရာတွင်လည်း အထက်တွင် ဥပမာပေးထားခဲ့သလို နည်းလမ်း သို့မဟုတ် ပုံစံတစ်မျိုးတည်း ရှိနေသည်မဟုတ်ပေ။ နိုင်ငံအသီးသီးအလိုက်၊ ကြုံတွေ့ရသည့် ပြဿနာများအလိုက် ပေးထားချက်အရှိတရားများနှင့် ကိုက်ညီသည့် နည်းလမ်းများကို ချင့်ချိန်ပုံဖော်ရမည်ဖြစ်သည်။

သဘောထားတူညီမှု ခက်ခဲနိုင်သော အကြောင်းအရာများမှာ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒရှုထောင့်မှ ချဉ်းကပ်မည်ဆိုလျှင် ယေဘုယျအားဖြင့် စုပေါင်းကိုယ်စားပြုမှုဆိုင်ရာ နှုန်းစံ၊ တန်ဖိုး၊ သရုပ်လက္ခဏာများနှင့် နိုင်ငံ တည်ဆောက်လည်ပါတ်နိုင်ရန်အတွက် ဖွဲ့စည်းမှုပါတ်သက်သည့် အရာများဟူ၍ နှစ်မျိုးရှိနိုင်သည်။ လက်တွေ့တွင် ထိုအကြပ်အတည်းနှစ်ခုလုံး တစ်ခုနှင့်တစ်ခု ဒွေရောယှက်တင် တည်ရှိနေသည့် အခြေအနေမျိုးလည်း ဖြစ်ပေါ် နေနိုင်ပါသည်။

နိုင်ငံ၏အမည်အပါအဝင် အခြားသော စုပေါင်းကိုယ်စားပြုမှုဆိုင်ရာ သင်္ကေတ၊ အမှတ်အသား လက္ခဏာများကို မည်သို့သတ်မှတ်မည်၊ ဘာသာရေး- သာသနာရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကို အစိုးရ၏ တာဝန်တစ်ရပ်အဖြစ်ထားရှိမည်-မထားရှိမည်၊ သို့မဟုတ် ဘာသာရေးနှင့်ကင်းသည့် လောကီသီးသန့် အစိုးရပုံစံကို တည်ထောင်မည်၊ ထို့အပြင် တရားဝင်ဘာသာစကား များ သတ်မှတ်ခြင်းနှင့် အခြားဘာသာစကားများကို ပညာရေး၊ ပြည်သူ့ဝန်ဆောင်မှု၊ တရားရေး၊ ရဲလုပ်ငန်းစသည်တို့တွင် မည်ကဲ့သို့ အသိအမှတ်ပြုမည်၊ ထည့်သွင်းအသုံးပြုမည် စသည့် မေးခွန်းများမှာ နှုန်းစံတန်ဖိုးများနှင့် ပိုမိုသက်ဆိုင်သည်။ နိုင်ငံတော်တည်ဆောက်ပုံ ၊ အစိုးရအဖွဲ့ ဖွဲ့စည်းပုံ အစရှိသည်တို့နှင့် စပ်လျဉ်း၍မူ ဖွဲ့စည်းလည်ပတ်ရန် ပြည်နယ်အရေအတွက် မည်မျှ သတ်မှတ် ထားရှိမည်၊ ဗမာပြည်နယ်ထား/မထား၊ အထက်လွှတ်တော်ဖွဲ့စည်းပုံ၊ ပြည်နယ်နယ်နမိတ်များ သတ်မှတ်ရေးနှင့် လူမျိုးစုများစွာ ရောနှောပြန့်နှံ့နေထိုင်လျှက်ရှိသော ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား နယ်နမိတ်ခွဲဝေသတ်မှတ်ရေး

အပါအဝင် လူမျိုးစုပြည်နယ်များအတွင်းမှ လူနည်းစုများအတွက် နိုင်ငံရေးကိုယ်စားပြုမှုနှင့် ယဉ်ကျေးမှု၊ ဘာသာစကားဆိုင်ရာ အခွင့်အရေး များ ကို အာမခံချက် ပေးခြင်း အစရှိသည်တို့မှာလည်း အရေးပါသော မေးခွန်းများပင်ဖြစ်သည်။

လက်တွေ့ ပကတိအရှိတရားအရ ကန့်သတ်မှုများ ရှိနေသည်ကြားမှ မိမိတို့အခြေအနေနှင့် ကိုက်ညီသော ပုံစံတစ်ခုတည်ဆောက် နိုင်ရန်အတွက် Incrementalism ကို အသုံးပြုမည်ဆိုလျှင် ဖြစ်ပေါ်လာနိုင်သည့် အားနည်းချက်များကို အတတ်နိုင်ဆုံး နည်းနိုင်သမျှနည်းအောင် အစီအမံများချမှတ်ရန် အလွန်အရေးကြီးပါသည်။ ယင်းတွင် လက်ရှိ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်မှ အနာဂတ်နိုင်ငံရေးဆွေးနွေးမှုများသို့ ရွှေ့ဆိုင်းလိုက်သော ဆုံးဖြတ်ချက်များသည် လူများစုဆုံးဖြတ်ချက်သက်သက် လက်အောက်သို့ ကျရောက်မသွားအောင် ဦးစွာ စီမံရန် အထူးအရေးကြီးပါသည်။ အထူးသဖြင့် ထိုသို့ ရွှေ့ဆိုင်းလိုက်သည့် ဆုံးဖြတ်ချက်များကို ဥပဒေပြုရေး မဏ္ဍိုင်၏ သာမန်ဥပဒေပြုရေးလုပ်ငန်းစဉ် သို့မဟုတ် နိစ္စဓူဝနိုင်ငံရေးဖြစ်စဉ်များသို့ ရွှေ့ဆိုင်းမည်ဆိုပါက ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များဖွဲ့စည်းတည်ဆောက်ပုံ၊ ရွေးကောက်ပွဲစနစ် အစရှိသည့် ဖွဲ့စည်းပုံ အခြေခံမှ သတ်မှတ်ပြဋ္ဌာန်းသော အစိုးရအဖွဲ့အစည်းများတည်ဆောက်ပုံတို့တွင် မတူကွဲပြားသော လူမျိုး၊ ဘာသာအုပ်စုများကို တတ်နိုင်သမျှအကျယ်ပြန့်ဆုံး ကိုယ်စားပြုနိုင်အောင်၊ ပါဝင်ခွင့်ရအောင် ပြုလုပ်ရန် အရေးကြီးသည်။ လူများကြိုက်ဝါဒ (Populist) ဆုံးဖြတ်ချက်များကို မချမှတ်မိစေရန်အတွက် သက်ဆိုင်ရာ အုပ်စုများကိုကိုယ်စားပြုသော၊ နယ်ပယ်အသီးသီးအလိုက် ကျွမ်းကျင်ပညာရှင်များပါဝင်သော ကော်မရှင်များဖွဲ့စည်းပြီး ၎င်းတို့၏ မှတ်ချက်များ အစီရင်ခံစာများအပေါ်အခြေခံကာ လွှတ်တော်၊ ညီလာခံ၊ ဆန္ဒခံယူပွဲများမှတဆင့် အငြင်းပွားမှုရှိနေသည့် ကိစ္စများအပေါ် ဆုံးဖြတ်ချက်ချမှတ်သည့် နည်းလမ်းသည်လည်း အသုံးတည့်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

ဥပဒေပါ အခြေခံအခွင့်အရေးများ ချိုးဖောက်ခံရခြင်း၊ ထိပါးခံရခြင်းများမှ ကာကွယ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထိုအခွင့်အရးများရယူခံစားပိုင်ခွင်ကို အာမခံချက်ပေးနိုင်သည့် ပြဋ္ဌာန်းများကို တိကျသေချာစွာ ထည့်သွင်းခြင်း၊ မူဝါဒဆိုင်ရာ လမ်းညွှန်ချက် (Directive Principle) များချမှတ်ခြင်း

အစရှိသည် တို့ကို အသုံးပြုနိုင်ပါသည်။ ထိုသို့ လိပ်ခဲတည်းလည်း ဖြစ်နေသော အခြေအနေများကို အနာဂတ်တွင် ကိုင်တွယ်ရန် အတွက် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ချက်များ ပြုလုပ်သည့်အခါများတွင် မဖြစ်မနေ ဆုံးဖြတ်ချက် ပြုလုပ်ရမည့် အချိန်ကာလထည့်သွင်းသတ်မှတ်ခြင်း များကိုလည်း ပြုလုပ်နိုင်ပါသည်။

နောက်ဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ ဆိုခဲ့သည့်သည့် အစီအမံများအပါအဝင် Incrementalism ၏ သဏ္ဍာန်ကွဲများဖြစ်သော ဆုံးဖြတ်ချက်များကို ရွှေ့ဆိုင်းခြင်း၊ ဥပဒေအရ အဓိပ္ပာယ်ဝေဝါးသော ပြဋ္ဌာန်းချက်များရေးသားခြင်း၊ ရှေ့နောက် အဓိပ္ပာယ်ညီညွတ်မှုမရှိသော ပြဋ္ဌာန်းချက်များထည့်သွင်းခြင်း စသည့်အရာများအားလုံးအတွက် စည်းနှောင်မှုအားနှင့် နိုင်ငံရေးစိတ်ရင်းစေတနာကောင်းများ (Good Faith) လိုအပ်ခြင်းဖြစ်သည်။ ၁၉၄၇ အခြေခံဥပဒေတွင် ပြည်နယ်များသည် ပြည်ထောင်စုမှ ၁၀ နှစ်ပြည့်မြောက်သည့်အခါ ခွဲထွက်နိုင်ခွင့်ကို အာမခံချက် ပေးထားသည့် တိုင်အောင် လက်တွေ့တွင် လက်နက်အားကိုးပြီး အာဏာသိမ်းမှုကြောင့် နိုင်ငံရေးမူဘောင်အရ လက်တွေ့ဖြစ်မလာသည်မှာ သဘောတူညီမှုအပေါ် သစ္စာဖောက်ပြားခြင်း၏ ဥပမာတစ်ခုဖြစ်သည်။ ပါဝင်သူအားလုံးမှ ၎င်းအစီအမံများကို လေးစားလိုက်နာပြီး ဆက်လက်အကောင်အထည်ဖော်ရန်အတွက် စိတ်အားထက်သန်မှုနှင့် စေတနာကောင်းများ မရှိလျှင် ပြဿနာများကို မည်သို့မျှ ပြေလည်အောင် ဖြေရှင်းနိုင်စွမ်းရှိမည် မဟုတ်ချေ။ ဆုံးဖြတ်ချက်များကို နိုင်ငံရေးကိုယ်စားပြုမှုများသည့် အုပ်စုများ၊ လက်နိုင်ကိုင်အဖွဲ့အစည်းများက မလျော်ကန်သည့်လွှမ်းမိုးမှုများ၊ ခြိမ်းခြောက်မှုများ မလုပ်နိုင်စေရန် စစ်တပ်အပေါ်အရပ်သားအစိုးရက လွှမ်းမိုးမှုရှိသော၊ မတူညီသည့် လူမျိုးရေး၊ ဘာသာရေးအုပ်စုများ ကျယ်ပြန့်စွာ ပါဝင်သော၊ ကိုယ်စားပြုသော ကာကွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (Security Sector Reform) ကို အသေအချာ အကောင်အထည် ဖော်ရန် လိုအပ်ပါသည်။ လူဦးရေအရလည်းကောင်း၊ နိုင်ငံရေးကိုယ်စားပြုမှုအရ လည်းကောင်း အင်အားနည်းသော အုပ်စုများအနေဖြင့် ရွှေ့ဆိုင်းလိုက်သော ဆုံးဖြတ်ချက်များ ချမှတ်ရေး လုပ်ငန်းစဉ် များတွင် ၎င်းတို့၏ နိုင်ငံရေး ရည်မှန်းချက်များ၊ စံတန်ဖိုးများကို ကိုယ်စားပြုသည်၊ ပါဝင်နိုင်မည်ဟု မယုံကြည်တော့သည့် အခါ လက်နက်ကိုင် လမ်းစဉ်ကို ဘက်သို့

ပြန်လှည့်သွားနိုင်ပါသည်။ ယင်းသို့ လမ်းစဉ်များကို အသုံးချသည့် ဖြစ်နိုင်ချေများ တတ်နိုင်သမျှနည်းပါးစေရန်အတွက် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ပါဝင်သူများအကြား ယုံကြည်မှုတည်ဆောက်ရန်၊ စိတ်ရင်းစေတနာကောင်းများကို သက်သေပြရန် အလွန်အမင်းအရေးကြီးလှပါသည်။

# နိဂုံး

မတူကွဲပြားသော လူအဖွဲ့အစည်းများ နေထိုင်သည့် နိုင်ငံများတွင် နိုင်ငံသားအားလုံးနှင့် နိုင်ငံတဝှမ်းလုံးအပေါ် အာဏာသက်ရောက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည့် အခါ အချင်းချင်းအကြား အငြင်းပွားမှုများ၊ မတူညီသော ရှုထောင့်များကို ထည့်သွင်း ဆွေးနွေးရပါသည်။ ယင်းသို့ဆွေးနွေးသည့်အခါ ရံဖန်ရံခါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်များ ရှေ့ဆက်မရနိုင်လောက်အောင်အထိ ကြာမြင့်တတ်ပြီး အတင်းအဓမ္မဖိအားပေးသည့်အခါ ပဋိပက္ခများ ပိုမိုကြီးထွားလာနိုင်ပါသည်။ ထိုသို့သော အခြေအနေတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအဝန်းဝိုင်းမှဖြေရှင်းခြင်းထက် ပိုမိုညှိနှိုင်းရ လွယ်ကူသော နိုင်ငံရေးစားပွဲဝိုင်းတို့တွင် ဖြေရှင်းခြင်းက ပိုမိုထိရောက်နိုင်ပါသည်။ ထိုသို့ ဖြေရှင်းမှုများကို တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒဖြင့် ချဉ်းကပ်မှုအား အသုံးပြုသောနိုင်ငံအများစုတွင် တွေ့နိုင်ပါသည်။ ထိုနည်းလမ်းဖြင့် ချဉ်းကပ်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အခြေခံမှုများ၊ စံနှုန်းများနှင့် စပ်လျဉ်း၍ အငြင်းပွားတင်းမာမှု များကို ယေဘုယျဆန်သည့်ပြဌာန်းချက်များ ထည့်သွင်းခြင်း နည်းလမ်းဖြင့်လျှော့ချကာ အနာဂတ်ကာလတွင် နိုင်ငံရေးစေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ပြီး ဖြေရှင်းရန်ကြိုးပမ်းကြ ပါသည်။ ထိုသို့ ဖြေရှင်းရာတွင် ဥပဒေပြုရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာခြင်း၊ အတိအလင်းပြဌာန်းထားခြင်း မရှိသော အရာများအပေါ် အနာဂတ်တွင် တည်ရှိနေသော အစိုးရယန္တရားများ အချင်းချင်းကြား ပွတ်တိုက်မှုများ ဖြစ်ပေါ်ခြင်း တို့လည်း ဖြစ်ပေါ်တတ်ပါသည် (Lerner, 2010 )။ ထို့အပြင်လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးကို မဖြစ်မနေအာမခံရမည့် အချက်အချို့ အပေါ်တွင်အငြင်းပွားမှု များ ပေါ်ပေါက်လာပြီး ထိုအချက်များကို နိုင်ငံရေးနယ်ပယ်သို့ပြောင်းရွှေ့လိုက်ပါက ထိုအချက်များအပေါ် သဘောတူညီချက်

တစ်စုံတစ်ရာမရမချင်း ထို အခြေခံလူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများကို လက်လှမ်းမီရန် ခက်ခဲသွားစေမည် ဆိုသည့် အချက်ကိုလည်း သတိချပ်သင့်ပါသည်။

## အကိုးအကား


Ashish Giri, R. (2010). The Politics of 'Unplanning' of Languages in Nepal. *Journal of NELTA*, 14(1), pp.32–44. doi:https://doi.org/10.3126/nelta.v14i1.3089.

Curran, J. (1980). *The Birth of the Irish Free State 1921-1923.* Tuscaloosa. The University of Alabama Press.

Farrell, B. *From First Dail through Irish Free State.* Dublin, Goldenbridge, Gill and Macmillian.

Hancock, W.K. (1937). *Survey of British Commonwealth Affairs: Volume 1: Problems of Nationality*. Oxford University Press.

Harkness, D. (1969). *The Restless Dominion: The Irish Free State and the British Commonwealth of Nations, 1921-31*. Dublin, Gill and Macmillian.

Hutchinson, J. (1987). *The Dynamics of Cultural Nationalism: The Gaelic Revival and the Creation of the Irish Nation State.* London. G.Allen & Unwin Limited.

Kissane, B. (2005). *The Politics of Irish Civil War.* Oxford University Press.

Kohn, L. (1932). *The Constitution of The Irish Free State.* G.Allen & Unwin Limited.

Legislative Assembly Debates (1947). *Third Session of the Sixth Legislative Assembly Official Report*. India: India Parliament, pp.16–82.

Landau, D.E. and Lerner, H. (2019). *Comparative Constitution Making*. Cheltenham, UK: Edward Elgar Publishing.

Lerner, H. (2010). Constitution-writing in Deeply Divided societies: the Incrementalist Approach. *Nations and Nationalism*, 16(1), pp.68–88. doi:https://doi.org/10.1111/j.1469-8129.2010.00435.x.

Lerner, H. (2011). *Making Constitutions in Deeply Divided Societies*. Cambridge University Press.

Office of the Registrar General, India (ORGI) (1968). *General Report, Part I-A, Vol-XI - Census 1961*. Superintendent of Census Operations, Karnataka, pp.560–1307.

Sakunthala Jayamaha (2022). *The Ethnic Conflict in Sri Lanka. The Root Causes of Ethnic Conflict in Sri Lanka and How to Resolve It*. GRIN Verlag.

Sazzad, R. (2020). Language movements in Sri Lanka and Pakistan: exploring global conflicts of language and cultural rights with other human rights. *The International Journal of Human Rights*, 25(5), pp.1–17. doi:https://doi.org/10.1080/13642987.2020.1804369.

Williams, P.R. (2007). *Post-Conflict Constitution Drafter's Handbook*. [online] DOI: https://peacemaker.un.org/sites/peacemaker.un.org/files/PostConflictConstitutionDraftersHandbook_PILPG2007.pdf [Accessed 5 Nov. 2021].

## ဥပဒေ အကိုးအကား

The Constitution of Belgium (1931)

The Constitution of India (1950)

The Constitution of Ireland (1937)

The State Constitution of the Republic of Indonesia (1945)

The Constitution of the Republic of Iraq (2005)

The Constitution of the Union of Burma (1945)

Anglo - Irish Treaty (1921)

Aung San -Attlee Agreement (1947)



Constitutional
Federalism
Institute

# INCREMENTALISM

## ဖွဲ့စည်းပုံခြေခံဥပဒေရေးဆွဲရာတွင် စဉ်းစားနိုင်သောချဉ်းကပ်မှုတစ်ခု/ တဖြည်းဖြည်းချင်းပြောင်းလဲမှုဝါဒ